ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ရက်၊ တနင်္လာနေ့၊ (7-6-2004)(၄၂၅၇)

နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ။

နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရှာရန် ရာနှုန်း(၈၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမေရိကန်သမ္မတထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဇွန် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အမေရိကန်သမ္မတဟောင်း မစ္စတာ ရော်နယ် ရေဂင် ကွယ်လွန်သွားခြင်းအတွက် အမေရိကန်ပြည်ထောင်စုသမ္မတ မစ္စတာ ဂျော့ဒဗလျူ ဘွတ်ရှ်ထံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့ခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အလားတူ ဝမ်းနည်းကြောင်းသဝဏ်လွှာကို ကွယ်လွန်သူသမ္မတဟောင်း မစ္စတာ ရော်နယ်ရေဂင်၏ ဇနီး မစ္စစ် နန်စီရေဂင်ထံသို့လည်း ပေးပို့ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှိုင်သာယာ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်းတို့၏ တိုးချဲ့ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ အခမ်းအနားများသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘဆရာ အသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၉နာရီတွင် ရွှေဥက္ကံရပ်ကွက်ရှိ အဆိုပါကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းတို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တိုးချဲ့ကျောင်းဆောင်သစ်နှင့် Multi Media Class Room တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ **စာမျက်နှာ ၈ ကော်လံ ၅ သို့** ✳

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ လှိုင်သာယာမြို့နယ် (၂၀)ရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာ မူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲ အပြီးတွင် ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ ရှောင်ကွင်းလမ်း ဖောက်လုပ်မှုကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၄ရက် နံနက် ၉နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တနင်္သာရီတိုင်း မြိတ်မြို့သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များအား တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ဟုန်းငိုင်း၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြိတ်လေဆိပ်မှ ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့် လိုက်ပါလျက် မြိတ်မြို့ ရှောင်ကွင်းလမ်းဖြစ်သည့် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ⇨

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror

၇-၆-၂၀၀၄
(တနင်္လာနေ့)

ကျေးလက်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့် ကျေးရွာဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့တည်ဆောက်ဖွင့်လှစ်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ဦးတည်ပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်သူများ၏ ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရန် အမျိုးသားကျန်းမာရေး စီမံကိန်းများချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ပြည်သူများ၏ ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြို့ပြဒေသမှသည် ကျေးလက်ဒေသများအထိ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် သံရွာစံပြကျေးရွာ၌ဆောက်လုပ်ပြီးစီးသွားသော ပြည်သူ့ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁ ရက်နေ့က အဆိုပါဆေးရုံသစ်ရှေ့ မုခ်ဦး၌ကျင်းပခဲ့သည်။ အဆိုပါဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်ခဲ့ပြီး မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

သံရွာစံပြကျေးရွာ ၂၅ခုတင်ဆံ့ပြည်သူ့ဆေးရုံသစ်သည် တစ်ထပ်သံကူကွန်ကရစ်အဆောက်အအုံဖြစ်ပြီး သားဖွားခန်း၊ အမျိုးသမီးလူနာဆောင်၊တာဝန်ကျသူနာပြုနားနေခန်း၊ဆေးသိုလှောင်ခန်း၊ဓာတ်ခွဲခန်းတို့ဖြင့် ဖွဲ့စည်းထားရှိသည်။ သံရွာစံပြကျေးရွာအနီးတစ်ဝိုက်တွင် ကျေးရွာအုပ်စု ၁၁ အုပ်စုနှင့် ကျေးရွာပေါင်း ၁၅ ရွာရှိပြီး ကျေးလက်ပြည်သူ တစ်သောင်းနှစ်ထောင်ကျော်တို့ နေထိုင်လျက်ရှိကြသည်။

သံရွာစံပြကျေးရွာသည် ရန်ကုန်-မန္တလေးကားလမ်း ဟန်မြင့်မိုရ်ကျေးရွာလမ်းခွဲမှ ဟန်မြင့်မိုရ်-ရွာငံသွားလမ်းပေါ်၌တည်ရှိသဖြင့် ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ပါက ကျောက်ဆည်မြို့နှင့် မန္တလေးမြို့တို့သို့ သွားရန်မလိုတော့ဘဲ ယခုဖွင့်လှစ်လိုက်သည့် သံရွာစံပြကျေးရွာ ပြည်သူ့ဆေးရုံသစ်၌ပင် ဆေးကုသမှု ခံယူနိုင်ကြမည်ဖြစ်သည်။

အလားတူ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမောကျေးရွာရှိ တိုက်နယ်ဆေးရုံ(မိုင်းမော) ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၁ရက်နေ့က အဆိုပါတိုက်နယ်ဆေးရုံရှေ့မျက်နှာစာ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ တိုက်နယ်ဆေးရုံဖွင့်လှစ်ခဲ့သည့်မြစ်သားမြို့နယ် မိုင်းမောကျေးရွာ ပတ်ဝန်းကျင်တွင် ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာပေါင်း ၄၂ ရွာရှိပြီး ကျေးလက်ပြည်သူ နှစ်သောင်းကျော် နေထိုင်လျက်ရှိသည်။ ယခုကဲ့သို့ မိုင်းမောကျေးရွာတွင် တိုက်နယ်ဆေးရုံကို ဖွင့်လှစ်လိုက်သည့်အတွက် ပတ်ဝန်းကျင်ကျေးရွာများမှ ကျေးလက်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရကပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံဆောင်ရွက်နိုင်ရန် နယ်စပ် အစွန်အဖျားဒေသများပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့မြှင့်တင်ပေးခြင်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆရာဝန်၊ ဆရာမ၊ သူနာပြုများ တိုးမြှင့်ခန့်ထားခြင်း လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်လွှမ်းခြုံပေးနိုင်ရန် ဖြည့်ဆည်းပေးရာတွင် တစ်နိုင်ငံလုံး၌ ဖြန့်ကြက်တာဝန်ထမ်းဆောင်နေကြသော သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများ၏ စွမ်းဆောင်မှုသည် အဓိကအရေးပါလျက်ရှိသည်။ ထို့ကြောင့် အခြေခံအကျဆုံး စွမ်းအားစုများဖြစ်သည့် သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများကို ကျေးလက်ဒေသအရောက် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ထမ်းဆောင်နိုင်ရန် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်မွေးထုတ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က တစ်မျိုးသားလုံး၏ ကျန်းမာရေး အဆင့်အတန်းတိုးတက်မြင့်မားလာစေရန် အမျိုးသား ကျန်းမာရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်နှင့်အညီ ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက် ပေးနိုင်ရေးအတွက် ကျေးရွာဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့တည်ဆောက်ဖွင့်လှစ်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် IPPF တို့ပူးပေါင်းဆောင်ရွက်သည့် ဆယ်ကျော်သက် မျိုးဆက်ပွား ကျန်းမာရေးမြှင့်တင်ရေးစီမံချက်၏ "လူငယ်လူရွယ်အကျိုးဆောင်ဆရာများ မွမ်းမံသင်တန်း" သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ သင်တန်းဆင်းလက်မှတ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လူငယ်လူရွယ် အကျိုးဆောင်ဆရာများ မွမ်းမံသင်တန်းဆင်း ဒေါက်တာဒေါ်ခင်ဝင်းရွှေ သင်တန်းဆင်းအမှာစကားပြောကြား

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA)နှင့် IPPF တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဆယ်ကျော်သက်မျိုးဆက်ပွားကျန်းမာရေး မြှင့်တင်ရေးစီမံချက်၏ လူငယ်လူရွယ်အကျိုးဆောင်ဆရာများ မွမ်းမံသင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ တက်ရောက်အားပေးသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ငွေးနှင့် ကော်မတီဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာတို့ကသင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ တိုင်းအဆင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကျင်းပ

ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ၂၀၀၄ ခုနှစ် တိုင်းအဆင့် ရဲကျင့်ဝတ် ရေးဖြေစာမေးပွဲကို ယနေ့နံနက် ၉နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရဲတပ်သားအဆင့်မှ ဒုတိယရဲမှူးအဆင့်အထိ တပ်ဖွဲ့ဝင် ၁၁၅ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

အလားတူ စံပြရဲရေးဖြေစာမေးပွဲကိုလည်း မွန်းလွဲ ၁နာရီတွင် ဆက်လက်ကျင်းပရာ ရဲတပ်သားအဆင့်မှ ရဲအုပ်အဆင့်အထိ တပ်ဖွဲ့ဝင် ၆၉ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

စာမေးပွဲကျင်းပရာတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းမြင့်နှင့် ဌာနခွဲမှူးများ၊ ခရိုင်ရဲမှူးများ၊ ဦးစီးအရာရှိများက ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇွန် ၆

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည ၇နာရီမှစတင်၍ ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာ သီဟတင်စိုးရိုက်ကူးပြီး သရုပ်ဆောင်သီဟတင်စိုးကိုယ်တိုင်ပါဝင်၍ အောင်လွင်၊ ဇင်မာဦးနှင့် အောင်ခိုင်တို့ပါဝင်သရုပ်ဆောင်ထားသည့် "**ငရဲသား**" ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၆-၆-၂၀၀၄)

မိုးကုတ် - ၂ ဒသမ ၀၉ လက်မ
ကျောက်ဆည် - ၁ ဒသမ ၆၁ လက်မ

ရွက်လွှင့်အောင်လံ သန္နိဋ္ဌာန်

☆ ခုနစ်တန် အဆင့်ဆင့်
တွေးချင့်လို စီမံ
ချိန်မှန်မှန် အရှိန်မြှင့်
ရွက်လွှင့်ရေဆန်၊
ပင်ချင်းယှက် နွယ်ဆက်အားမာန်
ညီလာခံ ထင်အရှား
သွေးရင်းချာ ညီနောင်များ
အလွှာစုံ တစ်မြေသား
အောင်လံလွှင့် ဝင့်ဝင့်ကြွား
ပြည်ထောင်စု အကျိုးစီးပွား
ဦးထိပ်မှာထား။

☆ ပန်းတိုင်ဆီ ရွှေပြည်ကြီး
တစ်လှေစီး ခရီးနှင်
သုံးလွန်းတင် လက်ချင်းယှက်
ရွက်တက်စုံလင်၊
ရွက်ကျိုးဖို့ လေထန်လာလျှင်
တက်လက်ပြင် လော်ခတ်အား
အငူမော် ဂယက်များ
တက်ကျိုးစေ ရတက်မပွား
လက်ကိုပင် လော်တက်အလား
မလျှော့မာန်အား။

ကျော်စောဟန်

ဘုရှ်ကို အီတလီပြည်သူများ ဒေါသထွက် အီရတ်မှ အီတလီတပ်ဖွဲ့ ရုပ်သိမ်းရေး တောင်းဆို

ရောမ ဇွန် ၅

လွန်ခဲ့သည့် နှစ်ပေါင်း ၆၀ က အမေရိကန်တပ်ဖွဲ့ဝင်များ ရောမမြို့အတွင်းသို့ ချီတက်ဝင်ရောက်ခဲ့စဉ်က အီတလီနိုင်ငံသားများသည် ၎င်းတို့အား ကယ်တင်သူများအဖြစ် ကြိုဆိုခဲ့ကြသည်။ သို့ရာတွင် အီရတ်ရောက် အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုပ်ရပ်များကြောင့် ရောမမြို့သို့ သောကြာနေ့က အလည်အပတ်ရောက်ရှိလာသည့် အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်မှာမူ အီတလီပြည်သူတို့၏ အမျက်ဒေါသခြောင်းခြောင်းထွက်မှုနှင့် ရင်ဆိုင်ရသည်။

ဘုရှ်သည် အကြမ်းဖက်ဆန္ဒပြမှုများ ဖြစ်နိုင်သည့် ရောမမြို့သို့ သောကြာနေ့ စောစောပိုင်းက ရောက်ရှိခဲ့သည်။

တိုက်တွန်း

ဘုရှ်၏ နှစ်ရက်ကြာ အလည်အပတ်ခရီးစဉ်အတွင်း အဓိကရုဏ်းများ ဖြစ်ပွားမည်ကို စိုးရိမ်ကြောင်း အီတလီ ဝန်ကြီးချုပ် ဘာလူစကိုနီက ပြောကြားပြီး ရင့်ကျက်မှုနှင့် သမိုင်းကြောင်း ဖြစ်ရပ်ကို နားလည်သဘောပေါက်မှု ပြသကြရန် ဆန္ဒပြသမားများအား တိုက်တွန်းလိုက်သည်။

တောင်းဆို

ဘာလူစကိုနီသည် ဘုရှ်၏ အရင်းနီးဆုံး မိတ်ဆွေများတွင် ပါဝင်သော်လည်း လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်၍ ဝင်ရောက်ကျူးကျော်ခဲ့မှုကို အီတလီပြည်သူအများစုက ဆန့်ကျင်ကြပြီး အီတလီတပ်သား ၂၇၀၀ ခန့်ကို အီရတ်မှ ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုနေကြသည်။

သတိရ

ဘဂ္ဂဒက်မြို့ရှိ အီတလီသံရုံးအနီးသို့ စိန်ပြောင်းကျည်များ ထိမှန်ခံခဲ့ရသည့် ကြာသပတေးနေ့ဖြစ်ရပ်က အီရတ်နိုင်ငံ၌ အီတလီတပ်ဖွဲ့ဝင်များ ရှိနေမှု၏ အန္တရာယ်ရှိမှုများကို အီတလီပြည်သူများအား ပြန်ပြောင်းသတိရစေသည်။ ယင်းတိုက်ခိုက်မှုကြောင့် အီရတ်တစ်ဦး သေဆုံးခဲ့ရသည်။

စိုးရိမ်

ထို့အပြင် အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်လနီးပါးကြာ ထိန်းသိမ်းဖမ်းဆီး ခံနေရသည့် အီတလီဓားစာခံများ၏ အရေးကိုလည်း အီတလီပြည်သူများ စိုးရိမ်နေကြသည်။

အမ်အေအေ၊ ရိုက်တာ။

ဇွန် ၄ ရက်က ဘဂ္ဂဒက်မြို့ ဆာဒါဒေသတွင် ပေါက်ကွဲမှုဖြစ်ပွားရာ မီးခိုးများ ထွက်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ ကယ်ကွတ်မြို့ ရဲစခန်းတစ်ခုတွင် ဖမ်းဆီးခံထားရသည့် အီရတ်များကို ဇွန် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နာဂျက်ဖ်နှင့် ကူဖာမြို့တို့၌ တိုက်ပွဲဖြစ် အပြစ်မဲ့အီရတ်ရှစ်ဦး သေဆုံးပြီး ၄၉ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၅

နာဂျက်ဖ်နှင့် ကူဖာမြို့များအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ရှီးယိုက်များအကြား လမ်းပေါ်တိုက်ပွဲများ ဖြစ်ပွားသဖြင့် ကြာသပတေးနေ့ စောစောပိုင်းက အီရတ်ရှစ်ဦးသေဆုံးပြီး ၄၉ ဦး ဒဏ်ရာရသွားကြောင်း အီရတ်အရာရှိတစ်ဦးက ပြောဆိုသည်။

သေဆုံးမှုများတွင် အမျိုးသမီးတစ်ဦး ပါဝင်ပြီး ဒဏ်ရာရသူများတွင် ကလေးသုံးဦး ပါဝင်ကြောင်း အီရတ်ပြည်သူ့ကျန်းမာရေးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဖာလာအယ်မဟာနာက ပြောဆိုသည်။

တိုက်ပွဲများ ပြင်းထန်

ကူဖာမြို့နှင့် နာဂျက်ဖ်မြို့အနီးတို့တွင် ညလုံးပေါက် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားပြီး နောက်နေ့နံနက်ထိ ဆက်လက်ဖြစ်ပွားကြောင်း မျက်မြင်တွေ့ရှိသူ ဂျဝပ်က ဆင်ဟွာသို့ ပြောကြားလိုက်သည်။

မြို့နှစ်မြို့အတွင်း အမေရိကန်ဦးဆောင်သည့် တပ်များ၏ တင့်ကားများနှင့်သံချပ်ကာယာဉ်များရောက်ရှိရာ စစ်မြေပြင်ပေါ်တွင် အမေရိကန်လေယာဉ်က ဖြတ်ကျော်ပျံသန်းသွားကြောင်း ဂျဝပ်က ပြောဆိုသည်။

ဆုတ်ပေးမည်

အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးမှသာလျှင် မိမိ၏ ပြည်သူ့စစ်များကို လက်နက်ဖျက်သိမ်းပြီး နာဂျက်ဖ်မြို့မှ ဆုတ်ပေးမည်ဟု အယ်ဆာဒါက ပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ် အမေရိကန်၏ စွပ်စွဲချက်

သက်သေထူနိုင်သည့် အထောက်အထားများ မတွေ့ရဟု ကုလအစီရင်ခံစာ၌ ဖော်ပြ

ဗီယင်နာ ဇွန် ၅

ကုလသမဂ္ဂ နျူကလီးယားပစ္စည်းများဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့သည် အီရန်နိုင်ငံနှင့် သက်ဆိုင်သော နျူကလီးယားလုပ်ငန်းများကို စစ်ဆေးရာမှ တွေ့ရှိရသော နောက်ဆုံးတွေ့ရှိချက်များကို အစီရင်ခံစာ ပြုစုတင်ပြခဲ့သည်။ **ထိုအစီရင်ခံစာတွင် အီရန်၌ နျူကလီးယားအစီအစဉ်များ ရှိနေသည်ဟူသော** အမေရိကန်၏ စွပ်စွဲချက်ကို သက်သေထူနိုင်သော အထောက်အထားများ မတွေ့ရှိရကြောင်း ဖော်ပြထားသည်။

အီရန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာ လုပ်ငန်းများကို စစ်ဆေးရာ၌ **အီရန်နိုင်ငံ၏ ပူးပေါင်းကူညီမှုကိုလည်း အစီရင်ခံစာတွင် ချီးကျူးဖော်ပြထား**သည်ဟု ရိုက်တာသတင်းဌာနက နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)ကို ကိုးကား၍ ဖော်ပြလိုက်သည်။ ဝါရှင်တန်က အီရန်တွင် နျူကလီးယားလက်နက်ထုတ်လုပ်ရေး အစီအစဉ်ရှိသည်ဟု ဆိုထားသည်။ **စစ်ဆေးရာ၌** ထိုအချက်ကို ထောက်ခံသော အထောက်အထားတစ်စုံတစ်ရာ မတွေ့ရှိခဲ့ရသည့် **နည်းတူ အီရန်၏ နျူကလီးယားလုပ်ငန်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းများ** သက်သက်အတွက်သာဖြစ်သည်ဟု အခိုင်အမာဖော်ပြရန်မှာလည်း လုံလောက်သော သက်သေမပြည့်စုံဘဲ ဖြစ်နေသည်ဟု ဆိုသည်။

အမေရိကန် ဘုရှ်အစိုးရက အီရန်နိုင်ငံ၏ နျူကလီးယားလုပ်ငန်းနှင့် ပတ်သက်သော လုပ်ဆောင်မှုမှာ အောင်မြင်မှုမရှိကြောင်း ယခုအစီရင်ခံစာအရ ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်သည်ဟု ဂျွန်စတယ်က ပြောကြားသည်။ ၎င်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လူအစုလိုက်အပြုံလိုက် သေစေသောလက်နက်**များ မပြန့်ပွားရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးဖြစ်သည်။**

အီရန်သည် အဏုမြူပစ္စည်းထုတ်လုပ်သည့် ကိရိယာများကို ဆက်လက်ဝယ်ယူလျက်ရှိသည်။ အမေရိကန်က အီရန်ကို ထိုသို့မပြုလုပ်ရန် အားထုတ်မှုမှာလည်း မအောင်မမြင် ဖြစ်နေသည်ကို တွေ့ရသည်။ ဤနေရာ၌ အမေရိကန်သည် အီရန်နှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားသော မူဝါဒတစ်ရပ် **မရှိဘဲဖြစ်နေသည်ကို ညွှန်ပြလျက်ရှိသည်ဟုဆိုသည်။**

ယခု အီရန်နှင့်စပ်ဆိုင်သောကိစ္စတွင် အဓိကဖြေရှင်းစရာ ပြဿနာနှစ်ရပ်ရှိနေသည်ဟု အိုင်အေအီးအေက ဖော်ပြထားသည်။ ပထမအချက်မှာ အီရန်အဏုမြူဆိုင်ရာ စခန်းများတွင် အားဖြည့်ယူရေနီယံ အစအနများ တွေ့ရှိရခြင်းပင်ဖြစ်သည်။ ထိုတွေ့ရှိချက်ကြောင့် အီရန်သည် လျှို့ဝှက်စွာဖြင့် ယူရေနီယံကို ထုတ်လုပ်နေသည်။ ထိုပစ္စည်းဖြင့် အဏုမြူလက်နက် ထုတ်လုပ်၍ **အသုံးပြုရန် ကြံရွယ်နေသလောဟု စဉ်းစားစရာဖြစ်နေသည်။ ယူရေနီယံ** သတ္တုများကို မည်သည့်အရင်းအမြစ်မှ ရရှိသနည်း ဆိုသောကိစ္စမှာ ပထမ ဖြေရှင်းရမည့် ပြဿနာပင်ဖြစ်ကြောင်း အိုင်အေအီးအေက ယူဆသည်။

ဒုတိယအချက်မှာ အီရန်များသည် ယူရေနီယံသန့်စင်ရာ၌ အသုံးပြုသော အဆင့်မြင့် ပီ–တူးဗဟိုခွာအားစက်၌ ဗုံးလက်နက်ထုတ်လုပ်နိုင်သော အဆင့် ရှိသည့် စွမ်းအားမြှင့် ယူရေနီယံကို ထုတ်လုပ်ပေးနိုင်သည်။ အီရန်တို့က ထိုပီ–တူးကိရိယာများကို စိတ်ဝင်စားသည်ဆိုသော ဝန်ခံချက်မှာ ယခင်က ၎င်းတို့ ဖော်ပြခဲ့သော အချက်များနှင့် ဆန့်ကျင်ကွဲလွဲနေသည်ကို တွေ့ရကြောင်း **အိုင်အေအီးအေက အစီရင်ခံစာတွင် ဖော်ပြထားသည်။**

အမေရိကန်အစိုးရက အီရန်တွင် အဏုမြူဗုံးလုပ်ရန် အစီအစဉ်များ ဆောင်ရွက်နေကြောင်း အထောက်အထားများရှိသည်ဟု စွပ်စွဲထားသည်။ **သို့ရာတွင် အိုင်အေအီးအေက အီရန်တွင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ရာ၌** အီရန်က အဏုမြူလက်နက်နှင့် သက်ဆိုင်သည့် အစီအစဉ်များရှိနေကြောင်း ရှင်းလင်းခိုင်မာသည့် အထောက်အထားများ မတွေ့ရဟု ဆိုထားသည်။

အထက်ပါကိစ္စနှင့်ပတ်သက်၍ ဒေးဗစ်အောဘရိုက်က အမေရိကန် အစိုးရကို ဝေဖန်ပြစ်တင်ထားသည်။ ၎င်းသည် ကုလသမဂ္ဂ လက်နက် **စစ်ဆေးရေးအဖွဲ့ အကြီးအကဲဟောင်းလည်းဖြစ်ပြီး သိပ္ပံပညာနှင့် အပြည်ပြည်ဆိုင်ရာ လုံခြုံရေးဌာန(အိုင်အက်စ်အိုင်အက်စ်)မှ ပညာရှင်တစ်ဦးလည်းဖြစ်သည်။**

အမေရိကန်အုပ်ချုပ်ရေးသည် အီရန်၌ လက်တွေ့လုပ်ဆောင်နေသော အဏုမြူလက်နက်အစီအစဉ်ဆိုင်ရာ အထောက်အထားများရှိနေသည်ဟု အဆင့်**ကျော်ကာ အခိုင်အမာဆိုခဲ့သည်။ သို့ရာတွင် စစ်ဆေးမှုများအရ လက်တွေ့** လုပ်ဆောင်နေသော မည်သည့်အဏုမြူဆိုင်ရာ အစီအစဉ်ကိုမျှ မတွေ့ရကြောင်း အောဘရိုက်က ပြောကြားခဲ့သည်။

ယခုတွေ့ရှိရသော အချက်များသည် အီရန်၏ နျူကလီးယားကိစ္စနှင့် ပတ်သက်၍ ယတိပြတ် အဆုံးအဖြတ်ပေးနိုင်သည်ကား မဟုတ်ပေ။ ယူရေနီယံများရရှိအောင် အီရန်က ကြိုးစားခြင်းသည် နှစ်နည်းနှစ်လမ်း တွေးဆနိုင်စရာ ရှိသည်။ တစ်လမ်းမှာ အဏုမြူဓာတ်ပေါင်းဖိုတွင် လောင်စာအဖြစ် အသုံးပြုနိုင်ရန်ဖြစ်ပြီး အခြားတစ်လမ်းမှာ လက်နက်ထုတ်လုပ်ရာတွင် သုံးစွဲရန် **ဖြစ်သည်ဟု ရှုမြင်နိုင်စရာရှိကြောင်း ဖော်ပြထားသည်။**

အမ်အင်အေ၊ရိုက်တာ။

အီရတ်တွင် အဖမ်းခံထားရသော အီတလီဓားစာခံများ၏ပုံ အယ်ဂျာဇီးယားရုပ်/ သံ ပြသ

ဒူဘိုင်း ဇွန် ၅

မေ ၃၁ ရက်က ရိုက်ကူးထားသည်ဆိုသော အီရတ်တွင် အဖမ်းခံထားရသည့် အီတလီဓားစာခံများ၏ပုံများကို အယ်ဂျာဇီးယား အာရပ်ရုပ်/သံဌာနက ဇွန် ၂ ရက်တွင် ထုတ်လွှင့်ပြသသွားသည်။ အဖမ်းခံရသူတစ်ဦးက စားပွဲတွင် ထိုင်၍စားသောက်ပြီးနောက် အခြားဓားစာခံများနှင့်အတူ ထိုင်နေပုံကို ပြသထားပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားကြောင်း ဖော်ပြသွားသည်ဟု ဆိုသည်။ အီတလီ ဓားစာခံသုံးဦးစလုံးမှာ အင်္ကျီလက်တိုနှင့် ဘောင်းဘီရှည်များ ဝတ်ဆင်ထားသည်ကို တွေ့မြင်ကြရသည်။ အားလုံး၏ ကျန်းမာရေးအခြေအနေမှာလည်း အမြင်အရ ကောင်းမွန်သည့် လက္ခဏာရှိကြောင်း ယူဆရသည်။

ယနေ့သည် မေ ၃၁ ရက် တနင်္လာနေ့ဖြစ်သည်။ မိမိတို့ကို ထိန်းသိမ်းထားသူများသည် ယခုအချိန် အထိ မိမိတို့အပေါ် အလွန်ကောင်းမွန်စွာ ပြုစုစောင့်ရှောက်ထားကြကြောင်းကို ပုပ်ရဟန်းမင်းကြီးအား လည်းကောင်း၊ ကက်သလစ် ဂိုဏ်းတော်အားလည်းကောင်း၊ မိမိတို့၏ မိသားစုများအား လည်းကောင်း အသိပေးလိုပါသည်ဟု ဓားစာခံတစ်ဦးက အီတလီဘာသာစကားဖြင့် ရုပ်/သံမှန်သားပေါ်မှ ပြောကြားသွားသည်။

အမေရိကန် လုံခြုံရေးလုပ်ငန်းကုမ္ပဏီတွင် လုပ်ကိုင်နေကြသော အီတလီလူမျိုးလေးဦးကို ဧပြီ ၁၂ ရက်က ဘဂ္ဂဒက်မြို့အနီး၌ ဖမ်းဆီးခဲ့ရခြင်းဖြစ်သည်။ ဓားစာခံဖမ်းဆီးသူများက အီရတ်မှ အီတလီတပ်များကို ပြန်လည်ရုပ်သိမ်းသွားရန် တောင်းဆိုခဲ့ကြသည်။ ထိုတောင်းဆိုချက်ကို အီတလီအစိုးရက မလိုက်လျောသဖြင့် ဓားစာခံလေးဦးအနက်မှ တစ်ဦးကို သတ်ပစ်ခဲ့ကြသည်။

လက်ရှိအခြေအနေတွင် အီရတ်နိုင်ငံ နာဆီရီယာ တောင်ဘက်တွင် အီတလီတပ်ဖွဲ့ဝင် ၂၇၀၀ တပ်ချထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆန္ဒပြ

အီတလီနိုင်ငံ ရောမမြို့တွင် ဘုရှ်၏ ရုပ်ပုံကို ခဲများဖြင့် ပစ်ပေါက်ကာ ဆန္ဒပြနေသူများကို ဇွန် ၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်နွှဲမှု

အပြစ်မဲ့ပြည်သူအများအပြားကို သေဆုံးစေခဲ့ကြောင်း ဆိုရော့စ်ပြောကြား

ဝါရှင်တန် ဇွန် ၅

အကြမ်းဖက်တိုက်ခိုက်မှုကို နှိမ်နင်းရန် စစ်ဆင်နွှဲခြင်းသည် အမေရိကန်ပြည်သူလူထုအား ဒုက္ခသည်ဘဝမှ ပြစ်မှုကျူးလွန်သူဘဝသို့ ရောက်စေပြီး ၂၀၀၁ ခုနှစ် စက်တင်ဘာ တိုက်ခိုက်မှုထက် အပြစ်မဲ့သူအများအပြား သေစေခဲ့ကြောင်း ကုဋေကြွယ် ငွေကြေးထောက်ပံ့သူ ဂျော့ဂျ်၊ ဆိုရော့စ်က ကြာသပတေးနေ့က ပြောကြားလိုက်သည်။

ဆိုရော့စ်သည် နိုဝင်ဘာရွေးကောက်ပွဲတွင် သမ္မတဘုရှ်ရှုံးနိမ့်စေရန်အတွက် ၎င်းပိုင်ဆိုင်သည့် ငွေကြေး သန်းချီ၍ လှူဒါန်းခဲ့သူဖြစ်သည်။ ၎င်းက အဘူဂါရိုပ် အကျဉ်းထောင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အကျဉ်းသားများအား နှိပ်စက်ပုံကို နယူးယောက်နှင့် ဝါရှင်တန်မြို့ကြီးများ အတိုက်အခိုက်ခံရပုံနှင့် နှိုင်းယှဉ် ပြောကြားသည်။

အီရတ်အကျဉ်းထောင်မှ နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ ဓာတ်ပုံများသည် အမေရိကန် ပြည်ထောင်စုအတွက် အဆုံးအဖြတ်ပေးမည့် အချိန်ဖြစ်ပြီး အကြမ်းဖက်သမား၏ အတိုက်ခံရသဖြင့် မိမိတို့ အထိနာသည့်အတိုင်း ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယင်းဖြစ်ရပ်နှစ်ရပ်အတွင်း တိုက်ရိုက်ဆက်စပ်မှုရှိမည်ကို မိမိစိုးရိမ်မိကြောင်း၊ သမ္မတဘုရှ်က အကြမ်းဖက်မှုအပေါ် စစ်ဆင်နွှဲသည့်လမ်းစဉ်ကြောင့် မိမိတို့ ဒုက္ခသည်ဘဝမှ အပြစ်ကျူးလွန်သူဘဝသို့ ရောက်ရှိသွားခဲ့ကြောင်း ညီလာခံတစ်ခုတွင်ပြောကြားသည်။ အကြမ်းဖက်မှုအပေါ် စစ်ဆင်နွှဲမှုကြောင့် အမှန်တကယ် တိုက်ခိုက်မှုခံရသည်ထက် အပြစ်မဲ့ပြည်သူများ ပိုမိုသေဆုံးကြကြောင်း ၎င်းကပြောကြားသည်။

သမ္မတဘုရှ်က မှားယွင်းသည့် ဆင်ခြေ အသုံးပြုပြီး အီရတ်စစ်ပွဲကို ဆင်နွှဲခဲ့ကာ အမေရိကန်ပြည်ထောင်စုအတွက် လုံးဝဘေးဒုက္ခရောက်စေရန် ဖန်တီးခဲ့ကြောင်း ဆိုရော့စ်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်၏ အလည်အပတ်ခရီးစဉ်ကို ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အမေရိကန်အလံကို မီးရှို့ဆန္ဒပြနေသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများအား ဇွန် ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးနှင့် လုံခြုံရေး ညှိနှိုင်းဆောင်ရွက်မည်

နယူးဒေလီ ဇွန် ၅

အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် လုံခြုံရေးကိစ္စများတွင် နှစ်ဖက်ညှိနှိုင်းဖြေရှင်းသွားကြမည် ဖြစ်ကြောင်း သဘောတူဆွေးနွေးခဲ့ကြပြီးဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး အမ်မိုရှဒ်ခန်းက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးခန်းကို အိန္ဒိယပြောက်ကျားသူပုန် စခန်းများ ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်း၌ ရှိပါသလားဟု မေးမြန်းခဲ့ကြသည်။ ထိုအမေးကို ဖြေကြားရာ၌ နိုင်ငံနှစ်ဖက်စလုံး၏ နယ်စပ်များတွင် အဖျက်သမားများရှိနေကြသည်။ ယခုကဲ့သို့ ပြောကြားလိုက်ခြင်းကြောင့် နှစ်ဖက်နိုင်ငံအစိုးရများက ထိုပြောက်ကျားများကို လက်ခံခွင့်ပြုထားသည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း ခန်းက ပြောကြားခဲ့သည်။

အိန္ဒိယ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အကောက်ခွန်မဲ့ လွတ်လပ်စွာ ကုန်သွယ်ရေးသည် အခက်အခဲများရှိနေ၍ ဆိုင်းထားလိုက်ရပြီဟု ကြားသိရကြောင်း၊ အဆိုပါကိစ္စ ဟုတ်၊ မဟုတ် သိလိုကြောင်း မေးမြန်းခဲ့ကြသည်။ နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးကိစ္စမှာ အခက်တွေ့နေသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက စိတ်မဝင်စားဘဲရှိသည်ဆိုသော အမြင်များမှာ မှန်ကန်မှုမရှိပါဟု ဝန်ကြီးခန်းက ဖြေကြားသည်။

မိမိတို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအသင်းအဖွဲ့တွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရန်နှင့် လွတ်လပ်စွာ ကုန်သွယ်ရေးလုပ်ငန်းများလုပ်ကိုင်ရန် မူဘောင်များကို လွန်ခဲ့သော နှစ်နှစ်မှစ၍ လက်မှတ်ရေးထိုး ချမှတ်ထားခဲ့ကြပြီးဖြစ်သည်။ အိန္ဒိယနှင့် နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးလုပ်ငန်းဆောင်ရွက်ရန် ပူးတွဲလုပ်ငန်းအဖွဲ့တစ်ရပ်ဖွဲ့စည်းပြီး စည်းဝေးဆွေးနွေးခဲ့သည်မှာ နှစ်ကြိမ်ပင်ရှိခဲ့ပြီဖြစ်ကြောင်း ခန်းက ပြန်ကြားသွားသည်။ အိန္ဒိယနိုင်ငံသည် ၁၉၇၁ ခုနှစ် ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီအစိုးရ အာဏာရစဉ်အချိန် ဘင်္ဂလားဒေ့ရှ် နိုင်ငံလွတ်လပ်ရေး တိုက်ပွဲဆင်နွှဲစဉ်အခါက ဘင်္ဂလားဒေ့ရှ်ကို အကြီးအကျယ် အကူအညီပေးခဲ့သော ရင်းနှီးသည့် မိတ်ဆွေနိုင်ငံဖြစ်သည်။ ထိုအချိန်မှစ၍ ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အိန္ဒိယအစိုးရတို့သည် အစဉ်အလာအားဖြင့် ကောင်းမွန်သော ဆက်ဆံရေးများရှိခဲ့ကြကြောင်း တွေ့ရပြီး တစ်ခါတစ်ရံသာ အခက်အခဲနှင့် ကြုံကြရကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကန်တပ်ဖွဲ့ကို ဘုရှ် မှားယွင်းစွာကိုင်တွယ်ခဲ့ဟုဆို

အင်ဒီပင်းဒင့်(မစ်ဇူရီ) ဇွန် ၅

သမ္မတဘုရှ်အား ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ ယှဉ်ပြိုင်ရန်စိန်ခေါ်သူ အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက သမ္မတဘုရှ်သည် အမေရိကန်တပ်ဖွဲ့ကို ကိုင်တွယ်စီမံအုပ်ချုပ်မှုများ မှားယွင်းနေကြောင်းဖြင့် ကြာသပတေးနေ့က စွပ်စွဲလိုက်သည်။ လုယက်မှုနှင့် ရာဇဝတ်မှုများတားဆီးရန် အမေရိကန်သည် တပ်ဖွဲ့ဝင်အနည်းငယ်ဖြင့် အီရတ်ကို သွားရောက်ခဲ့ကြောင်း၊ ထို့ပြင် သမားရိုးကျလက်နက် တန်ချိန်တစ်သန်း၏လုံခြုံမှုကိုလည်း ဥပက္ခာပြုခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါ ထိုလက်နက်များကို အသုံးပြုပြီး ပြန်လည်အတိုက်ခံနေရကြောင်းဖြင့် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်မည့် အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက ထောက်ပြလိုက်သည်။

ထိုထိုသော အမှားများကြောင့် မိမိနိုင်ငံနယ်နိမိတ်အတွင်း ပြည်သူက ရွေးချယ်တင်မြှောက်သည့် အစိုးရဖြင့် တည်ငြိမ်သော အီရတ်နိုင်ငံထူထောင်ရေး ရည်မှန်းချက်နှင့် မိမိတို့လုပ်ငန်းကို ရှုပ်ထွေးသွားစေကြောင်း ၎င်းကဝေဖန်သည်။ စစ်အေးတိုက်ပွဲကာလက ရန်သူနေရာတွင် ဘာသာရေးကို ဒိုင်း၊ အကြမ်းဖက်မှုကို ဓားအဖြစ် အသုံးချလာသည့် အုပ်စုများ၏ ခြိမ်းခြောက်မှုက နေရာဝင်ယူလာသဖြင့် ယခုအခါ ပြုပြင်ပြောင်းလဲမှု မဖြစ်မနေလုပ်ရန် လိုအပ်လာကြောင်း ၎င်းက ပြောကြားလိုက်ပြီး အမေရိကန်အထူးတပ်ဖွဲ့အင်အား နှစ်ဆတိုးချဲ့ရေး၊ တပ်ဖွဲ့ဝင်များအား နောက်ဆုံးပေါ် ခေတ်မီလက်နက်များ တပ်ဆင်ပေးရေးတို့ကို တိုက်တွန်းလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရမ်းစဖဲလ်၏ခရီးစဉ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ ဆန္ဒပြ

အမေရိကန်အလံကို မီးရှို့ပြီး ကန်ဆန့်ကျင်ရေးကြွေးကြော်သံများဟစ်ကြွေး

ဒါကာ ဇွန် ၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ် လာရောက်လည်ပတ်ရန် အစီအစဉ်ရှိသည်။ ရမ်းစဖဲလ် လာရောက်လည်ပတ်သည်ကို မလိုလားကြသော ဘင်္ဂလားဒေ့ရှ် ဆန္ဒပြသမားများက အမေရိကန်အလံကို မီးရှို့ခြင်းနှင့် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်ကြခြင်းဖြင့် သောကြာနေ့က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။ ၎င်းတို့သည် ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့များ အီရတ်သို့ စေလွှတ်ရေးကို မလိုလားကြောင်းလည်း ဖော်ပြကြသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးသည် အာရှသို့ ခရီးလှည့်လည်ရာ၌ ၎င်းနှင့်အတူ သတင်းထောက်များကို လိုက်ပါစေခဲ့သည်။

ရမ်းစဖဲလ်က ၎င်းအနေဖြင့် မည်သည့်နိုင်ငံကိုမျှ အီရတ်သို့ ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့များ စေလွှတ်ပေးရန် ဖိအားပေးတောင်းဆိုမည်မဟုတ်ကြောင်း သတင်း ထောက်များကို အသိပေးပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်အစိုးရ အရာရှိများကလည်း ၎င်းတို့၏ တပ်ဖွဲ့များကို မည်သူ တစ်ဦးတစ်ယောက်၏ ကိုယ်စားလှယ်အဖြစ်မျှ တာဝန်ထမ်းဆောင်စေရန် စေလွှတ်သွားမည်မဟုတ်ကြောင်း ပြောကြားကြသည်ဟုဆိုသည်။

ယုံကြည်

မည်သို့ဆိုစေကာမူ တနင်္ဂနွေနေ့တွင် ရမ်းစဖဲလ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိလာသောအခါ ၎င်းသည် ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့များကို အီရတ်သို့စေလွှတ်ပေးရန် တောင်းဆိုလိမ့်မည်ဟု ဘင်္ဂလားဒေ့ရှ် အရာရှိအချို့နှင့် ဆန္ဒပြသူများက ယုံကြည်ထားကြသည်။ အမေရိကန် မလိုလားသူ ပြုပြင်ပြောင်းလဲရေး အယူအဆရှိသည့် ဆန္ဒပြသမားတစ်ဦးက ဘင်္ဂလားဒေ့ရှ်တပ်ဖွဲ့များ အီရတ်သို့ စေလွှတ်ရေးကိစ္စကို အပြင်းအထန်ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဟောပြော

ဘာတူလ်မူကာရမ်သည် မြို့တော်ဒါကာ၏ အဓိကကျသည့် ဘာသာရေးဆိုင်ရာ အဆောက်အအုံဖြစ်သည်။ ထိုအဆောက်အအုံ၏ ပြင်ပတွင် ဂျဖရူလာခန်းသည် ၎င်း၏ နောက်လိုက်များကို ဟောပြောခဲ့သည်။

ခန်းသည် ဘင်္ဂလားဒေ့ရှ် ခီလာဖတ်အန်ဒိုလန်အဖွဲ့၏ အတွင်းရေးမှူးဖြစ်သည်။

အကယ်၍သာ ဘင်္ဂလားဒေ့ရှ်သည် အမေရိကန် ကျေနပ်အောင် တပ်ဖွဲ့များကို အီရတ်သို့ စေလွှတ်မည်ဆိုလျှင် ဘင်္ဂလားဒေ့ရှ် ပြည်သူများသည် မည်သို့နည်းနှင့်မဆို ဆန့်ကျင်တားဆီးသွားကြမည်ဖြစ်သည်ဟု ခန်းက ပြောကြားသွားသည်။

အင်တာနက်။

ဆန္ဒပြ

ဇွန် ၅ ရက်က အမေရိကန် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်၏ အလည်အပတ်ခရီးစဉ်ကို ဆန့်ကျင် ကန့်ကွက်ဆန္ဒပြနေသည့် ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကျူးကျော်သိမ်းပိုက်ထားသူများကခန့်သည့် ကြားဖြတ်အစိုးရကို အယ်လ်ဆာဒါ လက်မခံ
အီရတ်ပြည်သူတို့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ပေးရန် တောင်းဆို

ကူဖာ(အီရတ်) ဇွန် ၅

အီရတ်တွင် ဖွဲ့စည်းပြီးစီးသွားသော ကြားဖြတ်အစိုးရကို ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါက လက်မခံပယ်ချကြောင်း သောကြာနေ့က ပြောကြားသည်။ သို့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် သဘောတူညီထားသော ခနော်ခနဲ့ အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းသွားမည်ဟု ၎င်းကပြောကြားသည်။

နာဂျက်ဖ်မြို့တွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ဆာဒါ၏ တပ်ဖွဲ့များနှင့် အမေရိကန် တပ်ဖွဲ့ဝင်များသည် သီတင်းပတ်များစွာ အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည်။ လွန်ခဲ့သည့် သောကြာနေ့တွင်မူ ထိုဒေသတွင် ပစ်ခတ်သံများစဲသွားပြီး ဆိတ်ငြိမ်နေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရှီးယိုက် ခေါင်းဆောင်များက ကျိုးပေါက်သွားသော အပစ်အခတ်ရပ်စဲမှုကို ပြန်လည်ထိန်းသိမ်းရန် ညှိနှိုင်းခဲ့ပြီး နောက်ပိုင်း ပြန်လည်အေးချမ်းလာခြင်း ဖြစ်သည်ဟုဆိုသည်။

ဆွေးနွေး

အီရတ်ခေါင်းဆောင်များ၊အမေရိကန် ဦးဆောင်သောအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ကုလသမဂ္ဂကိုယ်စားလှယ်များက အီရတ်အရေးကိစ္စကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးခဲ့ကြပြီးနောက် ကုလသမဂ္ဂအဖွဲ့သည် အီရတ်ကြားဖြတ်အစိုးရအဖွဲ့ကို ဇွန် ၁ ရက် (အင်္ဂါနေ့) တွင် ခန့်အပ်ခဲ့သည်။ ထိုကြားဖြတ်အစိုးရအဖွဲ့သည် လာမည့် ဇွန် ၃၀ ရက်တွင် အမေရိကန်တို့ထံမှ အချုပ်အခြာအာဏာကို ပြန်လည်လွှဲပြောင်းရယူသွားမည်ဖြစ်သည်။

နာဂျက်ဖ်မြို့အနီးတွင် သောကြာနေ့တိုင်း ပုံမှန်ဝတ်ပြု ဆုတောင်းပွဲရှိသည်။ ထိုဆုတောင်းပွဲတွင် ရှီးယိုက်ခေါင်းဆောင် ဆာဒါ၏ ကြေညာချက်ကို ၎င်း၏ကိုယ်စား ရှိတ်ဂျာဒါအလ်ခါဖာဂျီက ဖတ်ကြားခဲ့သည်။ ထိုဝတ်ပြုပွဲသို့ လူထုပရိသတ် ပေါင်းထောင်နှင့်ချီ၍ တက်ရောက်ခဲ့ကြသည်။

မိမိသည် ယခု ခန့်အပ်လိုက်သည်ဆိုသော အစိုးရမျိုးနှင့် ပြောဆိုဆွေးနွေးရန် မလိုလား။ ကျူးကျော် သိမ်းပိုက်ထားသူက ခန့်အပ်ထားသော အစိုးရအဖွဲ့ကို မည်သည့်အီရတ်လူမျိုးကမျှ လက်ခံလိမ့်မည်ဟု မယုံကြည်ပါ။ လွတ်လပ်ရေးမရပါဘဲနှင့် လွတ်လပ်မှုနှင့် ဒီမိုကရေစီသည် ရှိနိုင်လိမ့်မည်မဟုတ်။ အာဖဂန်နိုင်ငံနှင့် အီရတ်နိုင်ငံတို့မှတစ်ပါး အခြားမည်သည့်နိုင်ငံကမျှ ကုလသမဂ္ဂက ခန့်အပ်သော နိုင်ငံခေါင်းဆောင်ကို လက်ခံသည်ဟူ၍ ကြားဖူးပါသလော။ ထိုရွေးချယ်မှုကို သိမ်းပိုက်ကျူးကျော်မှု အောက်တွင် မဆုံးဖြတ်ပါစေနှင့်။ တစည်းတလုံးတည်းသော အီရတ်ပြည်သူများကို ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ပေးစေလိုသည် စသည်ဖြင့် ဆာဒါ၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ၏ အစိုးရသစ်ကို တင်မြှောက်ရန် ရွေးချယ်ပွဲတစ်ရပ် ကျင်းပ ဆောင်ရွက်စေသင့်ကြောင်း ရှီးယိုက်ခေါင်းဆောင် ဆာဒါက တောင်းဆိုလိုက်သည်။

အီရတ်နိုင်ငံ၏ လက်ရှိနိုင်ငံရေး အစီအစဉ်အရဆိုလျှင် လာမည့်နှစ် ဇန်နဝါရီလတွင် အသွင်ကူးပြောင်းရေးကာလ အစိုးရတစ်ရပ် ဖွဲ့စည်းရန် ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။ အရွေးချယ်ခံရသော အသွင်ကူးပြောင်းရေးကာလ အစိုးရသည် အခြေခံဥပဒေမူကြမ်းကို ရေးဆွဲသွားမည်။ ထို့နောက်ပိုင်းတွင် ရွေးချယ်ပွဲများ ဆက်လက်ပြုလုပ်၍ အခြေခံဥပဒေအရ တင်မြှောက်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းသွားမည်ဖြစ်သည်။ အဆိုပါရွေးချယ်ပွဲကို လာမည့် ၂၀၀၆ ခုနှစ် စောစောပိုင်းတွင် ကျင်းပနိုင်ဖွယ်ရာ ရှိကြောင်း ခန့်မှန်းထားသည်။

နာဂျက်ဖ်မြို့မှ အမေရိကန်တပ်ဖွဲ့များ ဆုတ်ခွာပေးမည်ဆိုလျှင် မိမိတပ်ဖွဲ့များလည်း ထိုမြို့မှ သောကြာနေ့ စောစောပိုင်းမှစ၍ နှစ်ရက်အတွင်း ဆုတ်ခွာပေးမည်ဖြစ်ကြောင်း ဆာဒါက အပစ်အခတ်ရပ်စဲရေး ကြားဝင်ဆွေးနွေးသူ ရှီးယိုက် နိုင်ငံရေးအဖွဲ့များနှင့် သဘောတူညီခဲ့သည်။

ဆာဒါက အပစ်အခတ်ရပ်စဲရေးကို ကြီးကြပ်ရန် ကြားနေအဖွဲ့တစ်ဖွဲ့က ဆောင်ရွက်ပေးရန် အဆိုပြုခဲ့သည်။ သဘောတူညီမှုများကို ဆာဒါနှင့် ဖျန်ဖြေပေးသူများအကြား နာရီများစွာ ဆွေးနွေးခဲ့ပြီးနောက်မှ ရရှိခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သော သီတင်းပတ်က ရရှိခဲ့သော အပစ်အခတ် ရပ်စဲရေးမှာ ကျိုးပျက်သွားခဲ့ရသည်။ နာဂျက်ဖ်မြို့ဝန်းကျင်တွင်မကြာခဏဆိုသလိုပစ်ခတ်တိုက်ခိုက်မှုများလည်း ဖြစ်ပွားခဲ့သည်။

ဆာဒါသည် ဘာသာရေးမြို့များတွင် တိုက်ပွဲဆင်နွှဲခဲ့သည့်အတွက် ထိပ်ပိုင်း ရှီးယိုက် ဘာသာရေးခေါင်းဆောင်များက ၎င်းကို ပြစ်တင်ကြသည်။ အမေရိကန်တို့ကိုလည်း အလွန်အမင်းကြီးမားသော အင်အားဖြင့် အထက်စီးမှ လွန်လွန်ကဲကဲ လက်တုံ့ပြန်ခဲ့သည်ဟု စွပ်စွဲကြသည်။ လက်ရှိအခြေအနေတွင် အမေရိကန်တို့သည် ဇွန်လ ၃၀ ရက်တွင် အချုပ်အခြာ အာဏာလွှဲပြောင်းမှု ပြီးစီးသည့် အချိန်အထိ အပစ်အခတ်ရပ်ထားရန် အားသန်နေသည်ဟု ဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

ဘုရှ်၏ အီရတ်ဆိုင်ရာ မူဝါဒကို ပုပ်ရဟန်းမင်းကြီး ရှုတ်ချ
ရောမတွင် လူထောင်ပေါင်းများစွာ ကန့်ဆန့်ကျင်ရေး ဆန္ဒပြ

ရောမ ဇွန် ၅

အမေရိကန် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် ဥရောပ ခရီးစဉ် အဖြစ် အီတလီနိုင်ငံ ရောမမြို့သို့ သောကြာနေ့က ရောက်ရှိနေပြီး ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်နှင့် တွေ့ဆုံသည်။ ဥရောပသည် သမ္မတဘုရှ်၏ အီရတ်ဆိုင်ရာ မူဝါဒကို ကန့်ကွက်ခဲ့ပြီး ဘုရှ်၏ ယခုခရီးစဉ် အတွင်း၌လည်း ပုပ်ရဟန်းမင်းကြီးက အီရတ်စစ်ပွဲကို ရှုတ်ချပြောဆိုခဲ့သလို ပြည်သူထောင်ပေါင်းများစွာကလည်း လမ်းများပေါ်သို့ ထွက်ကာ ဘုရှ်အား ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။

အီရတ်နိုင်ငံတွင် မကြာသေးမီက အလွန်အမင်း ကြေကွဲဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့မှုနှင့် ပတ်သက်၍ ပုပ်ရဟန်းမင်းကြီးက ရှုတ်ချပြောဆိုခဲ့သည်။ ပုပ်ရဟန်းမင်းကြီး ရည်ညွှန်းသော ကြေကွဲဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်များဆိုသည်မှာ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို မတရားပြုမူ ဆက်ဆံသည့် ဖြစ်စဉ်များပင်ဖြစ်သည်။

အီရတ်နိုင်ငံတွင် မကြာမီက ကြားဖြတ်အစိုးရအဖွဲ့တစ်ရပ် ဖွဲ့စည်းထူထောင်နိုင်မှုနှင့် ပတ်သက်၍ ပုပ်ရဟန်းမင်းကြီးက ကြိုဆိုခဲ့ပြီး အီရတ်ပြည်သူများထံသို့ အချုပ်အခြာအာဏာ အမြန်ဆုံးလွှဲပြောင်းပေးအပ်ရန် ၎င်းက တိုက်တွန်းသည်။

ပုပ်ရဟန်းမင်းကြီးနှင့် သမ္မတဘုရှ်တို့ တွေ့ဆုံရာ ဗာတီကန်နန်းတော်မှ မဝေးကွာလှသော ရောမမြို့လယ်တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေးဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။ အီရတ်နိုင်ငံမှ အီတလီတပ်ဖွဲ့ ရုပ်သိမ်းပေးရန် တောင်းဆိုသည့် ပိုစတာများကို ဆန္ဒပြသမားများက ကိုင်ဆောင်ထားကြသည်ဆို၏။

သမ္မတဘုရှ်သည် အီရတ်ခရီးစဉ် အပြီးတွင် စနေနေ့၌ ပြင်သစ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားသည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

အမေရိကန် သမ္မတဟောင်း ရော်နယ်ရေဂင် အသက် ၉၃နှစ်အရွယ်၌ ကွယ်လွန် အနိစ္စရောက်

လော့အိန်ဂျလိစ် ဇွန် ၆

အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်သည် အယ်ဇိုင်းမားရောဂါကို ၁၀နှစ်ကြာ ခံစားခဲ့ရပြီးနောက် စနေနေ့က ကွယ်လွန်အနိစ္စရောက်သွားသည်။ အမေရိကန် ရုပ်ရှင်သရုပ်ဆောင်ဖြစ်ခဲ့ဖူးသူ၊ အမေရိကန်နိုင်ငံရေးကို ပြောင်းလဲစေခဲ့သူ၊ ကွန်ဆာဗေးတစ်တော်လှန်ရေးကို ရှေ့တန်းမှ ဦးဆောင်လှုပ်ရှားခဲ့သူ ရေဂင်ကွယ်လွန်ချိန်တွင် ၎င်း၏အသက်မှာ ၉၃နှစ်ရှိပြီဖြစ်သည်။

စနေနေ့ဒေသစံတော်ချိန် ညနေ ၄နာရီ ၄၅မိနစ်တွင် ရေဂင်ကွယ်လွန်သည့်သတင်းကို အမေရိကန် ရုပ်မြင်သံကြားဌာနအားလုံးက ကြားဖြတ်ကြေညာခဲ့သည်။

ရေဂင်သည် ၁၉၉၃ခုနှစ်ကတည်းက အယ်ဇိုင်းမားရောဂါ ဝေဒနာကို ခံစားခဲ့ရပြီး ၎င်း၏ အခြေအနေမှာ လွန်ခဲ့သည့် သီတင်းပတ်က ပိုမိုဆိုးရွားလာခဲ့သည်။

ရေဂင်သည် ၁၉၈၁ခုနှစ်မှ ၁၉၈၉ခုနှစ်အထိ အမေရိကန် သမ္မတရာထူးကို ထမ်းဆောင်ခဲ့သည်။ ၎င်းသည် လော့စ်အိန်ဂျလိစ်မြို့ ဘီလ်အဲယားဒေသရှိ နေအိမ်တွင် ကွယ်လွန်ခဲ့သည်။

(အင်တာနက်)

အီရတ်မှ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမှု ဆီးရီးယား သမ္မတ အာဆတ် ချီးကျူး

မဒရစ် ဇွန် ၅

အီရတ်မှ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းလိုက်ခြင်းဖြင့် အာရပ်ကမ္ဘာတွင် စပိန်နိုင်ငံ၏ အနေအထားမှာ ပိုမိုခိုင်မာလာစေကြောင်းဖြင့် စပိန်နိုင်ငံရောက် ဆီးရီးယား သမ္မတ အယ်အာဆတ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

စပိန်ဝန်ကြီးချုပ် လူဝီဇာပါတီရိုနှင့် ပူးတွဲသတင်းစာ ရှင်းလင်းပွဲပြုလုပ်စဉ်တွင် အီရတ်မှ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခြင်းကို အီရတ်တို့က ချီးကျူးလိုက်ပြီး၊ ယင်းသို့ ရုပ်သိမ်းပေးခြင်းဖြင့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုကြောင်းဖြင့်လည်း ဆီးရီးယား သမ္မတ အာဆတ်က ပြောဆိုသည်။

စပိန်ဝန်ကြီးချုပ် ဇာပါတီရိုကလည်း အီရတ်ကဲ့သို့သော လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံ၏အချုပ်အခြာအာဏာကို လုံးဝပြန်ရရမည်ဟု စပိန်အစိုးရက ခံယူကြောင်းဖြင့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ အီရတ်မှ နိုင်ငံခြားတပ်အားလုံး ရုပ်သိမ်းပေးပြီးနောက် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် စပိန်နိုင်ငံက အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်းဖြင့်လည်း စပိန်ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဇွန် ၅ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များအား စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မမှန်မကန်သတင်းတွေကို ထုတ်လွှင့်နေတဲ့ RFA

ကျော်ဝင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရှိ တိုင်းရင်းသားပြည်သူအားလုံးတို့ဟာ ကိုယ်တိုင် ကြုံတွေ့ရင်ဆိုင်ကျော်ဖြတ်ခဲ့ရတဲ့ ခါးသီးလှတဲ့ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းအရ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို လိုလားတောင့်တနေကြတာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။

မြန်မာပြည်ဖွား တိုင်းရင်းသားများဟာလည်း နှစ်ပေါင်းရာကျော် သူ့ကျွန်ဘဝမှာ ဒုက္ခအမျိုးမျိုးခံနေခဲ့ရတဲ့ဘဝ၊ လွတ်လပ်ရေးရပြန်တော့လည်း ကျွန်ပြုသူနယ်ချဲ့တို့က လွတ်လပ်ရေးနှင့်အတူ ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများအကြား သံသယစိတ်ကိုပါ တစ်ပါတည်း ထည့်ပေးလိုက်တာကြောင့် မြန်မာနိုင်ငံအတွင်း ရောင်စုံသူပုန်များရဲ့ ဆူပူအကြမ်းဖက်မှုတွေ နိုင်ငံအနှံ့ ပေါ်ပေါက်ခဲ့သလို ပြည်သူတွေအားလုံး ကြိမ်မီးအုံးသလို ပူပင်သောကရောက်ခဲ့ကြရပြန်ပါတယ်။

ယခင် ခေတ်အဆက်ဆက်မှာ တည်ငြိမ်အေးချမ်းမှုမရှိ၊ လုံခြုံမှုမရှိတဲ့ အပြင်နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်လည်း ထိထိရောက်ရောက် လုပ်မပေးနိုင်ခဲ့ပါဘူး။

၁၉၈၈ ခုနှစ်မှာ ပေါ်ပေါက်ခဲ့တဲ့ ဆူပူအကြမ်းဖက်မှုမှာ အာဏာကို ဖြတ်လမ်းက ရယူလိုကြတဲ့ နိုင်ငံရေးတောကြောင်များဟာ မြှောက်ထိုးပင့်ကော်လုပ်ပြီး ဆူပူမှုကို စခဲ့ကြတယ်။ ပြည်တွင်း၊ ပြည်ပ၊ မြေပေါ်၊ မြေအောက် အဖျက်သမားပေါင်းစုံတို့ကလည်း အဘက်ဘက်က ဝိုင်းဝန်းသွေးထိုးလှုံ့ဆော်ခဲ့ကြတယ်။ အခြေအနေတွေဟာ ထိန်းမနိုင်သိမ်းမရဖြစ်ပြီး တစ်တိုင်းတစ်ပြည်လုံး ပရမ်းပတာဖြစ်ခဲ့တယ်။ ပြည်သူအားလုံးဟာ တရားဥပဒေစိုးမိုးမှုမရှိ၊ လုံခြုံမှုမရှိတဲ့အတွက် ကျီးလန့်စာစားရသလို စိတ်ချလက်ချ အေးအေးချမ်းချမ်းမနေခဲ့ရပါဘူး။

ဒီလို ပြည်သူတွေအားလုံး ခံစားနေကြရတဲ့ လူမှုဒုက္ခအပေါင်းတို့က ကင်းဝေး ပပျောက်သွားအောင် တပ်မတော်ခေါင်းဆောင်များဟာ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှာ နိုင်ငံတော်တာဝန်ကို ယူခဲ့ရတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံရေးဦးတည်ချက် လေးရပ်၊ စီးပွားရေးဦးတည်ချက် လေးရပ်၊ လူမှုရေးဦးတည်ချက် လေးရပ်တို့ကို အလုပ်လမ်းညွှန်အဖြစ် ချမှတ်ကာ ထိထိရောက်ရောက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝမြင့်မားတိုးတက်ရေး၊ ယဉ်ကျေးမှု စတဲ့ ဘက်ပေါင်းစုံ အောင်မြင်ဖြစ်ထွန်းမှုတွေဟာ ၁၅ နှစ်ကျော် ၁၆ နှစ်ကာလအတွင်း အံ့သြလောက်အောင် ဖြစ်ထွန်းအောင်မြင်ခဲ့တယ်ဆိုတာ အားလုံးအသိအမြင်ပဲဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးတွေ လုံခြုံချောမွေ့လာခဲ့တယ်။ ဆည်မြောင်းတာတမံများ၊ စက်ရုံများ၊ ကျောင်းများ၊ လမ်းတံတားများ၊ ဈေးသစ်ကြီးများ မြန်မာနိုင်ငံတစ်ဝန်းလုံး တောင်ပေါ်မြေပြန့်မခြား နေရာအနှံ့အပြားမှာ တစ်ပြေးညီပေါ်ထွန်းလာခဲ့တယ်။

အဲဒီလို ဖြစ်ထွန်းအောင်မြင်မှုတွေကို မနာလိုမရှုဆိတ်နိုင်ကြတဲ့ ပြည်တွင်း၊ ပြည်ပ၊ မြေပေါ်၊ မြေအောက် အဖျက်သမားများ၊ ကိုလိုနီနယ်ချဲ့နှင့် သူတို့ရဲ့ တပည့်တွေက မသိကျိုးကျွန်ပြုနေကြရုံမျှမက ပြည်ပ အသံလွှင့်ဌာနအချို့နှင့် ပူးပေါင်းပြီး ဆန့်ကျင်ဘက် မဟုတ်တမ်းတရား သတင်းမှားများကို အရှက်မဲ့၊ သိက္ခာမဲ့ လွှင့်ထုတ်နေကြတာကို ပြည်ပအသံလွှင့်ဌာနတချို့ရဲ့ နေ့စဉ်ထုတ်လွှင့်နေတဲ့ သတင်းအချက်အလက်တွေ နားထောင်ကြည့်မယ်ဆိုရင် ပေါ်လွင်ထင်ရှားမှာ ဖြစ်ပါတယ်။

သတင်းဌာနဆိုတာ ဘယ်သတင်းဌာနမဆို ကမ္ဘာ့နိုင်ငံ အနှံ့အပြားမှာ သတင်းတွေကို လက်လှမ်းမီသမျှ ရယူစိစစ်ပြီး မှန်မှန်ကန်ကန် လွှင့်ထုတ်ကြဖို့ လိုအပ်ပါတယ်။ သတင်းပေးပို့သူရဲ့ အနေအထားကို အဓိကထားပြီး လက်ခံလွှင့်ထုတ်ဖို့ အထူးလိုအပ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ သတင်းဆိုရင်ပြီးရော၊ မှန်မမှန် မစိစစ်ဘူးဆိုရင်တော့ အဲဒီသတင်းတွေကို ထုတ်လွှင့်တဲ့ သတင်းဌာနဟာ အပေါစား ရမ်းတုတ်သတင်းဌာန ဖြစ်သွားမှာပါ။ ကမ္ဘာ့ပြည်သူတွေကို လိမ်ညာလှည့်ဖြားတဲ့ ကလိမ်ကကျစ် သတင်းဌာနဖြစ်သွားမှာ အသေအချာပါပဲ။

ယနေ့ မြန်မာနိုင်ငံဟာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ဖို့ နိုင်ငံတော်အစိုးရ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ လူထုလူတန်းစား အမျိုးမျိုးတို့ရဲ့ လူထုကိုယ်စားလှယ်များ အမျိုးသားညီလာခံမှာ စုဝေးပြီး စုပေါင်းညှိနှိုင်းတိုင်ပင်ဆွေးနွေးနေတဲ့ကာလ ဖြစ်ပါတယ်။ BBC, VOA, RFA စတဲ့ ပြည်ပသတင်းဌာနအချို့ရဲ့ မြန်မာနိုင်ငံနှင့် ပတ်သက်တဲ့ သတင်းထုတ်ပြန်ချက်တွေကို နားထောင်ကြည့်မယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့ သတင်းမှန်တွေကို ထိမ်ချန်ပြီး သတင်းအမှားတွေကိုသာ အစဉ်တစိုက် လွှင့်ထုတ်နေတာကို လေ့လာသုံးသပ်မိပါလိမ့်မယ်။ ကမ္ဘာ့ပြည်သူများနှင့် နိုင်ငံရပ်ခြားမှာ အကြောင်းအမျိုးမျိုးနှင့် ရောက်ရှိနေထိုင်နေကြတဲ့ ရိုးသားတဲ့ မြန်မာနိုင်ငံသားတွေကို လိမ်လည်လှည့်ဖြားဖို့ တမင်သက်သက် ရည်ရွယ်ထုတ်လွှင့်နေကြတယ်ဆိုတာကို သူတို့ရဲ့ သတင်းထုတ်လွှင့်ချက်တွေက ဖော်ပြနေပါတယ်။

၂၉–၄–၂၀၀၄ ရက်နေ့ နံနက်ပိုင်းမှာ အမေရိကန်နိုင်ငံမှာ အခြေစိုက်ထားတဲ့ ပြည်ပအသံလွှင့်ဌာန တစ်ခုဖြစ်တဲ့ RFA သတင်းဌာနက ကျွန်တော်နေထိုင်တဲ့ ဒလမြို့နှင့်ပတ်သက်ပြီး မှန်ကန်မှုမရှိတဲ့ သတင်းတစ်ပုဒ်ကို ထုတ်လွှင့်ခဲ့ပါတယ်။ RFA ရဲ့ ပင်တိုင်ဆောင်းပါးရှင် ဦးထိန်လင်းရဲ့ စာတွေးသမား တစ်ဦးရဲ့ အာဘော်ဆောင်းပါးကို ခပ်တည်တည်နဲ့ လွှင့်ထုတ်ခဲ့တာ ဖြစ်ပါတယ်။

ဒလမြို့နယ်ဟာ ရန်ကုန်မြို့နဲ့ အနီးဆုံးမြို့တစ်မြို့ ဖြစ်ပေမယ့် ဖွံ့ဖြိုးတိုးတက်မှုမရှိဘူးလို့ ထုတ်လွှင့်သွားပါတယ်။ တပ်မတော်အစိုးရ နိုင်ငံတော်ကို တာဝန်ယူအုပ်ချုပ်ခဲ့တဲ့ ၁၉၈၈ ခုနှစ်မတိုင်မီကနဲ့ ယနေ့ တပ်မတော်အစိုးရ လက်ထက် ဒလမြို့နယ်ရဲ့ အခြေအနေဟာ အလွန်ပဲကွာခြားပြီး ပြောင်းလဲတိုးတက်ဖွံ့ဖြိုးနေပြီဆိုတာ အတွေးသမားကြီး ဦးထိန်လင်း သိရှိပုံမပေါ်ပါဘူး။ ဘယ်ကဘယ်လို ရတဲ့သတင်းတွေကို အခြေခံပြီး ရေးသားထားတာလဲဆိုတာ ဆောင်းပါးရှင်ကိုယ်တိုင်သာ အသိဆုံးဖြစ်ပါလိမ့်မယ်။ ဆောင်းပါးရေးပို့သူက ပို့တယ်ထားပါဦး၊ RFA အသံလွှင့်ဌာနကရော ကိုယ်တာဝန်ယူ ထုတ်လွှင့်မယ့် ဆောင်းပါးမှာပါရှိတဲ့ အကြောင်းအရာတွေဟာ အမှန်တွေလား၊ အမှားတွေလား ဆိုတာကို မစုံစမ်းမလေ့လာဘဲ ဘာကြောင့်ထုတ်လွှင့်ခဲ့ရတာလဲ။ ဆောင်းပါးရှင် ဦးထိန်လင်းက RFA အသံလွှင့်ဌာနကို လိမ်တယ်။ RFA က ကမ္ဘာ့ပြည်သူတွေကို ညာတယ်။ လူလိမ်နှင့်လူညာ ပေါင်းမိပြီး ကမ္ဘာ့အရပ်ရပ်က RFA ကို နားထောင်တဲ့ ပရိသတ်အားလုံးကို လိမ်ညာလှည့်ဖြားခဲ့တာကတော့ ပေါ်လွင်နေပါတယ်။

RFA ရဲ့ အသံလွှင့်ချက်တွေကို နားထောင်မိကြတဲ့ ဒလမြို့နယ်မှ မိတ်ဆွေတွေ အတော်များများက ကျွန်တော့်ဆီကို ရောက်လာပြီး ကဲ– ဒလကျော်ဝင်းရေ သတင်းဆောင်းပါးရေးပြီး RFA အသံလွှင့်ဌာနကိုရော၊ RFA ရဲ့ ပင်တိုင်ဆောင်းပါးရှင် ဦးထိန်လင်းကိုရော ဒလမြို့နယ်ရဲ့ ပကတိ အခြေအနေမှန်တွေကို သတင်းပို့ပေးပါဦးလို့ တောင်းဆိုလာကြတဲ့အတွက် ကျွန်တော် ဒီဆောင်းပါးကို ရေးဖို့ဖြစ်လာရတာပါ။

ဦးထိန်လင်းရဲ့ ဆောင်းပါးမှာ ဖော်ပြထားသလို ဒလမြို့နယ်ဟာ ရန်ကုန်နှင့် အနီးဆုံးမြို့တစ်မြို့ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုမရှိဘူးဆိုတဲ့ ဖော်ပြချက်ဟာ တပ်မတော်အစိုးရမတိုင်မီ ၁၉၈၈ မတိုင်မီက ဆိုရင်တော့ မှန်တယ်လို့ ဝန်ခံရမှာဖြစ်ပါတယ်။

၁၉၈၈ ခုနှစ်မတိုင်မီက ဒလမြို့နယ်ရဲ့ အခြေအနေဟာ RFA ရဲ့ ဆောင်းပါးထဲမှာပါသလို အမှန်တကယ်ပဲ စုတ်ပြတ်နုံချာလွန်းလှပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး စတဲ့ ကဏ္ဍအသီးသီးဟာ မြို့တစ်မြို့ရဲ့ မြို့ပြအင်္ဂါရပ်နှင့် လုံးဝကိုက်ညီခြင်း မရှိပါဘူး။ ဒလမြို့နယ်မှာ ရပ်ကွက်ပေါင်း ၁၇ ရပ်ကွက်ရှိပြီး ရပ်ကွက်တိုင်းမှာ ဆောက်လုပ်ထားကြတဲ့ လူနေအိမ်တွေဟာ စည်းကမ်းမရှိ ဆောက်ထားတာကြောင့် လူသွားလမ်းဆိုလို့ သတ်သတ်မှတ်မှတ်မရှိဘဲ အိမ်ကြိုအိမ်ကြားက ကွေ့ပတ်ပြီး သွားကြရပါတယ်။ ကားသွားဖို့ဆိုတာ ဝေလာဝေး၊ စက်ဘီး၊ ဆိုက်ကားတောင် စီးသွားလို့မရတဲ့ အခြေအနေပါ။ ဘုန်းကြီးကျောင်းတို့၊ စာသင်ကျောင်းတို့ရဲ့ ဘေးပတ်လည်မှာလည်း လူနေအိမ်တွေက ကပ်ပြီး ဆောက်လုပ်ထားတာကြောင့် ဘုန်းကြီးကျောင်းတွေ၊ စာသင်ကျောင်းတွေနဲ့ လူနေအိမ်တွေဟာ ခွဲခြားလို့မရအောင် ကျပ်ညပ်ပြွတ်သိပ်နေခဲ့ပါတယ်။ အိမ်တိုင်းမှာ ကိုယ်ပိုင်အိမ်သာမရှိဘဲ မြစ်ထဲမှာ စုပေါင်းအိမ်သာဆောက်ပြီး အခင်းသွားခဲ့ကြရပါတယ်။ လူသွားလမ်းဆိုလို့ ဒလကားဂိတ်ကနေ မော်စက်ရပ်ကွက်အထိ ကမ်းနားလမ်းအဖြစ် သစ်သားအတိုအစတွေနဲ့ ကွေ့ကွေ့ကောက်ကောက် ခနော်ခနဲ့ လမ်းတစ်လမ်းသာ ရှိပါတယ်။ ကတ္တရာခင်းလမ်းဆိုလို့ ဒလ–တွံတေး ကားလမ်းသာ ရှိပါတယ်။ လျှပ်စစ်မီးသီးဆိုတာကလည်း မှိန်တုတ်တုတ်နဲ့ မီးတိုင်အောက်မှာ ဓာတ်မီးတို့၊ မီးအုပ်ဆောင်းတို့ ဆောင်ပြီးသွားလာရတဲ့ အခြေအနေပါ။ အော်တိုတယ်လီဖုန်းဆိုတာ ဒလမြို့နေ ပြည်သူများ ကြားတောင် မကြားဖူးပါဘူး။ ယုတ်စွအဆုံး ပြောရမယ်ဆိုရင် လူသေရင် မြှုပ်ဖို့ သချိုင်းတောင် သတ်သတ်မှတ်မှတ်မရှိပါဘူး။

ယနေ့ တပ်မတော်အစိုးရလက်ထက်မှာ ဒလမြို့ဟာ ဘယ်လောက်အထိ ဖွံ့ဖြိုးတိုးတက်နေပြီလဲဆိုတာကို လက်ရှိဒလမြို့မှာ နေထိုင်လျက်ရှိတဲ့ ဒလမြို့သားတစ်ဦးက အကျဉ်းချုံးပြီး အသိပေးတင်ပြလိုပါတယ်။

ဒလမြို့ဟာ လွန်ခဲ့တဲ့ ၁၉၈၈ ခုနှစ်မတိုင်မီ နှစ်ပေါင်းများစွာကတည်းက အခြေအနေနှင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း ၁၅ နှစ်ကျော် ကာလတိုအတွင်းမှာ ဘယ်လောက်အထိ ပြောင်းလဲတိုးတက် စည်ပင်လာပါသလဲ ဆိုတာကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် မယုံကြည်နိုင်လောက်အောင် ကွာခြားသွားခဲ့ပြီဖြစ်ပါတယ်။

မြို့ပြအင်္ဂါရပ်နှင့် ညီညွတ်မှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်မှုလည်း လုံးဝမရှိခဲ့တဲ့ ဒလမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ ဖြစ်လာစေဖို့နှင့် ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် တပ်မတော်အစိုးရဟာ ၁၉၈၉ ခုနှစ်မှာ ဒလမြို့နယ်၊ ဆိပ်ကြီးခနောင်တို မြို့နယ် ဖွံ့ဖြိုးရေးကော်မတီကို ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးရေးကော်မတီဟာ လစဉ် ပုံမှန်အစည်းအဝေးများပြုလုပ်ပြီး ဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနကလည်း မြို့ပြစီမံကိန်းပုံစံများ ရေးဆွဲပြီး မြို့ကွက်သစ်များကို အဆင့်လိုက် ဖော်ထုတ်ကာ မြို့နယ်အတွင်းရှိ ကျပ်ညပ်ပြွတ်သိပ်နေတဲ့ ကျူးကျော်နေအိမ် အဆောက်အအုံအားလုံးကို ဖျက်သိမ်းရှင်းလင်းလိုက်ပါတယ်။ ပြီးတော့မှ မြို့ပြပုံစံနှင့်အညီ ရေးဆွဲဖော်ထုတ်ထားတဲ့ မြို့ကွက်သစ်များမှာ စနစ်တကျ ပြန်လည်နေရာချထားပေးခဲ့ပါတယ်။ အခြားဌာနဆိုင်ရာများကလည်း ဒလမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ တည်ဆောက်ပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့တာကြောင့် ဒလမြို့ဟာ ယခင်ကနှင့် လုံးဝမတူတော့ဘဲ မြို့အင်္ဂါရပ်နှင့် ညီညွတ်မှုရှိလာပြီး မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများနည်းတူ ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာလာနေပြီဖြစ်ပါတယ်။ ဒလမြို့ဟာ ရန်ကုန်မြို့ရဲ့ တောင်ဘက်ကမ်းပေါ်မှာ တည်ရှိတယ်။ အရှေ့မှ အနောက်ကို လေးမိုင်ရှိပြီး မြောက်နှင့်တောင် နှစ်မိုင်ရှိတယ်။ မြို့ရဲ့ အကျယ်အဝန်းက ၃ ဒသမ ၉ စတုရန်းမိုင် ကျယ်ဝန်းတယ်။ ဒလမြို့မှာ ယခင်က ၁၇ ရပ်ကွက်သာရှိခဲ့ပြီး ယခု ၂၃ ရပ်ကွက် ရှိလာပါပြီ။ အိမ်ခြေပေါင်း ၁၃၀၄၉ ရှိပြီး လူဦးရေ စုစုပေါင်း ၈၃၂၀၁ ဦး ရှိတယ်။

ပညာရေးနှင့် ပတ်သက်လို့ ဒလမှာ အခြေခံပညာအထက်တန်းကျောင်း နှစ်ကျောင်း၊ အလယ်တန်းကျောင်း လေးကျောင်းနှင့် မူလတန်းကျောင်း ၂၄ ကျောင်း စုစုပေါင်း ၃၀ ရှိတယ်။ ဆရာ၊ ဆရာမပေါင်း ၄၁၇ ဦးရှိပြီး ကျောင်းသား၊ ကျောင်းသူပေါင်း ၁၈၇၇၆ ဦးတို့ဟာ အေးချမ်းစွာ ပညာဆည်းပူး သင်ကြားလျက်ရှိတယ်။

ဒလမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်းမှာ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု စာသင်ခန်းမများကိုလည်း ဖွင့်လှစ်ထားရှိပြီးဖြစ်တယ်။ ၆–၁၁–၂၀၀၂ ရက်နေ့မှာ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့တယ်။

ကျန်းမာရေးနှင့် ပတ်သက်လို့လည်း မြို့နယ်ပြည်သူ့ဆေးရုံ ၂၅ ခုတင်ဆံ့ တစ်ရုံ၊ ဒေသန္တရကျန်းမာရေး ဆေးခန်းတစ်ခန်း၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတစ်ခန်း၊ လူမှုဖူလုံရေး ဆေးပေးခန်းတစ်ခန်း၊ တိုင်းရင်းမြန်မာ ဆေးကုခန်း တစ်ခန်း၊ မိခင်နှင့်ကလေး သားဖွားခန်းတစ်ခန်း၊ ပုဂ္ဂလိက ကိုယ်ပိုင်ဆေးကုခန်း ၂၉ ခန်းတို့ဟာ ဒလမြို့နယ် ပြည်သူများရဲ့ ကျန်းမာရေးကို ပြုစုစောင့်ရှောက် ကုသပေးလျက်ရှိတယ်။ ဒလမြို့နယ်မှ လူငယ်လူရွယ်များ အားကစားလေ့ကျင့်မှု ပြုလုပ်နိုင်ဖို့အတွက် အားကစားနှင့် ကာယပညာဦးစီးဌာနနဲ့ မြို့နေ ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဗိုလ်တေဇ အားကစားကွင်း၊ မြို့နယ် မိုးလုံလေလုံ အားကစားခန်းမနှင့် တင်းနစ်အားကစားကွင်းတို့ကို တည်ဆောက်ပေးပြီး မြို့နေလူထု အပန်းဖြေ အနားယူနိုင်ရေးအတွက်ကိုလည်း ဗိုလ်ချုပ်ပန်းခြံနဲ့ မြသီတာပန်းခြံတို့ကို တည်ဆောက်ပေးပြီးဖြစ်တယ်။

ဒလမြို့နယ်မှ ဘုန်းတော်ကြီးကျောင်း ၂၈ ကျောင်း၊ သံဃာတော် ၂၄၈ ပါး၊ သာမဏေ ၂၄၄ ပါးရှိတယ်။ ဒလမြို့အတွင်း ထင်ရှားတဲ့ စေတီတွေကတော့ မြို့မ (၃)ရပ်ကွက်မှာ ရွှေစာရံစေတီ၊ ညောင်ကုန်းရပ်ကွက်မှာ မျက်ရှင်တော်ဆုတောင်းပြည့် မဟာသကြိန်ဘုရားကြီး၊ အုံ့ကြီး အရှေ့ရပ်ကွက်မှာ ရှင်ပင်သာလျောင်းဘုရားနှင့် အခြားစေတီပေါင်း ၂၁ ဆူ ရှိတယ်။ ဒလမြို့နယ်မှာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း နှစ်ကျောင်း၊ ဗလီ ခုနစ်ခု၊ ဟိန္ဒူဘုရားကျောင်း ၁၄ ကျောင်းတို့လည်း ရှိတယ်။

ဒလမြို့နယ်အတွင်းမှာ အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်း ၁၀ ဖွဲ့တို့ဟာလည်း ဒလမြို့နေ ပြည်သူများရဲ့ လိုအပ်ချက်တွေကို တတ်နိုင်သမျှ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိတယ်။

ဒလမြို့မှာ ၁၉၈၈ ခုနှစ်မတိုင်မီက ကတ္တရာခင်းလမ်းဆိုလို့ ဒလ–တွံတေး ကားလမ်း တစ်လမ်းတည်းသာ ရှိခဲ့တယ်။ လမ်းသာဆိုတယ် ဟိုနေရာချိုင့်၊ ဒီနေရာကျင်းနဲ့ အဖြစ်လောက်သာရှိခဲ့ရာက ယခုဆိုရင် ရပ်ကွက်အတွင်းပိုင်းတွေနဲ့ မြို့ပတ်လမ်း တော်တော်များများဟာ ကတ္တရာခင်းလမ်းတွေ ဖြစ်လာပါပြီ။ ရှေ့ဆက်ပြီး မြို့အတွင်း ကျန်ရှိတဲ့လမ်းတွေကိုလည်း ကတ္တရာခင်းလမ်းတွေ ဖြစ်လာစေဖို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနဲ့ ဒေသအာဏာပိုင်များ၊ မြို့နေ ပြည်သူများ စုပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆိုရင် ဒလမြို့နယ်အတွင်းမှာ ကတ္တရာခင်းလမ်းအရှည်မိုင် ၈ ဒသမ ၁၂၇ မိုင်ရှိပြီး ဂဝံခင်းလမ်းအရှည်မိုင် ၇၉ ဒသမ ၁၆၆ မိုင်၊ ကွန်ကရစ်ခင်းလမ်း ၁ ဒသမ ၅ မိုင်၊ သံကူကွန်ကရစ်တံတား ၁၀ စင်း၊ သံဘောလီတံတား နှစ်စင်းကို ခင်းကျင်းတည်ဆောက်ပြီးဖြစ်နေပါပြီ။

လမ်းပန်းဆက်သွယ်ရေးတွေ လုံခြုံချောမွေ့လာတာကြောင့် ဒလမြို့နေ ပြည်သူများလည်း သွားရေးလာရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွေမှာလည်း အဆင်ပြေလွယ်ကူလာပါတယ်။

ဒလမြို့နေ ပြည်သူများနဲ့ ဒလမြို့နယ်နဲ့ နယ်မြေချင်းဆက်စပ်တည်ရှိနေတဲ့ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်နှင့် ဧရာဝတီတိုင်းမှ မြို့နယ်များ ဖြစ်တဲ့ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်မြို့များမှ ခရီးသွားပြည်သူများ သွားလာရေးအဆင်ပြေ လွယ်ကူစေရေး၊ ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ဒလမြို့မှနေ၍ မော်တော်ယာဉ်များလည်း နေ့စဉ် အချိန်မှန် ပြေးဆွဲပေးလျက်ရှိနေပါတယ်။

ဒလမြို့မှ ရန်ကုန်(ပန်းဆိုးတန်းဆိပ်ကမ်း)သို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဇက်ရေယာဉ်နှစ်စင်းဖြင့် နေ့စဉ် နံနက် ၅ နာရီမှ ည ၈ နာရီအထိ တစ်နေ့လျှင် ခေါက်ရေပေါင်း ၅၀ ပြေးဆွဲပေးလျက်ရှိပြီး နေ့စဉ် ခရီးသည်ပေါင်း ၂၈၉၅၀ ဦးကို ဘေးကင်းလုံခြုံစွာ ပို့ဆောင်ပေးလျက်ရှိပါတယ်။ ပြီးတော့ ကူးတို့သမဝါယမအသင်း လီမိတက်များနဲ့ ကြီးကြပ်ရေးအဖွဲ့တို့ကလည်း စက်တပ်သမ္ဗန်ရေယာဉ်များနဲ့ အားဖြည့်ပို့ဆောင်ပေးလျက်ရှိနေပါတယ်။

နိုင်ငံတော်က မုတ်ကျွန်းဒေသ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အဓိကကျသည့် လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ အဆင်ပြေစေရန်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ရန်ကုန်ဘက်ကမ်းနှင့် ဒလဘက်ကမ်းတို့မှာ ကားကူးတို့ဆိပ်များကို တည်ဆောက်ပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တောက်လျှောက် မောင်းတက်မောင်းဆင်း ကားကူးတို့ ရေယာဉ်နှစ်စင်းဖြင့် နေ့စဉ် ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်ကြီးများကို တင်ဆောင်ပြေးဆွဲပေးလျက်ရှိပါတယ်။

ပြီးတော့ ဒလမြို့ကို မြို့ပြအင်္ဂါရပ်နှင့်အညီ ဖြစ်စေဖို့အတွက် ၁၈–၉–၁၉၉၄ ရက်နေ့မှာ လိုင်း ၃၂၀ ပါ တယ်လီဖုန်းစက်ခလုတ်ခုံ တပ်ဆင်အသုံးပြုနိုင်ခဲ့ပြီး ယခုဆိုရင် အော်တိုတယ်လီဖုန်းအဆင့်သို့ ပြောင်းလဲအသုံးပြုလျက်ရှိနေပါပြီ။

သောက်သုံးရေရှားပါးမှု မဖြစ်စေရေးအတွက်လည်း သက်ဆိုင်ရာ အာဏာပိုင်များနဲ့ ဒေသခံများရဲ့ ပူးပေါင်းကြိုးပမ်းမှုကြောင့် ဒလမြို့နေလူထု သောက်သုံးရေ ဖူလုံစွာရရှိနေကြပြီဖြစ်ပါတယ်။ နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်ပေးနေတဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်နဲ့ ဒလမြို့နေ လူထု ယခင်ကလို သောက်သုံးရေ အခက်အခဲမရှိစေဖို့ လိုအပ်တဲ့ရပ်ကွက်တွေမှာ မိုးရေလှောင်ကန်ကြီးတွေ တူးဖော်ပေးထားပြီးဖြစ်သလို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလည်း တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာမှာ အဝီစိတွင်းတွေတူးဖော်ပြီး ထွက်ရှိလာတဲ့ ရေများကို ကွန်ကရစ်ပိုက်လိုင်းများနဲ့ ဆက်သွယ်ပြီး ဒလမြို့အတွင်း ရေပေးဝေရေးလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ဒလမြို့နယ် ဗညားဒလရပ်ကွက်မှာ ရေပေးဝေရေးစခန်းတစ်ခု တည်ဆောက်ပြီး အဲဒီစခန်းမှတစ်ဆင့် ရပ်ကွက်များရှိ အိမ်များသို့ ရေပိုက်များဆက်သွယ်ပြီး ဖြန့်ဝေပေးခဲ့တဲ့အတွက် ဒလမြို့နေ ပြည်သူများ တစ်သက်လုံး ကြုံတွေ့နေရတဲ့ သောက်သုံးရေ ပြဿနာလည်း ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က ဝိုင်းမော်မြို့နယ်တွင် ပေ ၅၁၁၀ အရှည်ရှိ မိုင်းနား ကျေးလက်ကျောက်ချောလမ်းကို ဤသို့ ဖောက်လုပ်ပေးလျက်ရှိသည်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

တိုင်းရင်းသားပြည်သူများ ဆက်သွယ်သွားလာရေး လွယ်ကူစေရေးအတွက် နိုင်ငံတော်က ချင်းပြည်နယ် ဖလမ်းမြို့နယ် ကလေး-ဟားခါး လမ်းပေါ်တွင် မဏိပူရမြစ်ကို ဖြတ်ကျော်တည်ဆောက်ထားသည့် ပေ ၃၄၀ရှည် ဗားရ်တံတားကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-ကြေးမုံ)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် မြို့ပေါ်ကျေးရွာ၌ ကျင်းပခဲ့သည့် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် ဧရာဝတီတိုင်း မအူပင်မြို့နယ် သုံးခွကျွန်းတာပေါင်ပတ်လမ်း ဆောင်ရွက်နေမှုကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✻ မြန်မာနိုင်ငံမှ

ထိုမှတစ်ဆင့် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် (၂၀)ရပ်ကွက်ရှိ လှိုင်သာယာ မြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ လှိုင်သာယာမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါ တိုးချဲ့ကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် အလှူရှင် Southern Metal Industry Co., Ltd. ဥက္ကဋ္ဌ ဦးအောင်ကျော်တို့က ဖဲကြိုးဖြတ်၍ တိုးချဲ့ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးလိုက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ကျောင်းအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က တိုးချဲ့ ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့ဖွင့်လှစ်သည့် ကျောင်းအဆောက်အအုံသည် အလျား၂၆၄ပေ၊ အနံပေ၃၀ရှိ R.C သုံးထပ်ကျောင်းဆောင် ဖြစ်ပါကြောင်း၊ ဤကျောင်းတွင် Multi Media နှင့် Language Lab ဆိုင်သည့် ပစ္စည်းများ အသစ်တပ်ဆင်ပေးထားကြောင်း၊ ကျောင်းသားများအနေဖြင့် ယခုကျောင်းဖွင့်ချိန်ရာသီမှစ၍ ၎င်းပစ္စည်းများကို အသုံးပြုသွားနိုင်မှာဖြစ်ကြောင်း၊ ကျောင်းတွင် သတ်မှတ်သည့်အကျယ်အဝန်းရှိသည့် ဘောလုံးကွင်းတစ်ကွင်း၊ဈေးသည်များရောင်းချ

ကြည့်ရှုစစ်ဆေး

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအပြီးတွင် ကျောင်းဆောင်သစ်နှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းတို့က လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

တိုးချဲ့ကျောင်းဆောင်သစ်

လှိုင်သာယာမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း သုံးထပ် တိုးချဲ့ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

❐ **စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်**

အထူးတင်ပြလိုတာက အစိုးရမဟုတ်တဲ့ လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ပြင်သစ်နိုင်ငံအခြေစိုက် AMI(AIDE MEDICARE INTERNATIONAL) နိုင်ငံတကာဆေးဘက်ဆိုင်ရာ ကူညီထောက်ပံ့ရေးအဖွဲ့ ကလည်း ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်ပေါင်း ခုနစ်ခုတို့မှာ သောက်သုံးရေရှားပါးမှု မဖြစ်စေရေးအတွက် သံဓာတ်စစ်ကန်အပါအဝင် လက်နှိပ်ရေတုံကင်ပေါင်း ၃၃၆ လုံး၊ မိုးရေလှောင်ကန် ၃၂၆ ကန်၊ မြေသားကန်ကြီး ၁၅ ကန် တို့ကို ဆောက်လုပ်တူးဖော်ပေးခဲ့ပြီးဖြစ်တယ်။ ပြီးတော့ ဒလမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းပေါင်း ၃၀ မှာ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အထောက်အကူပြု အဆောက်အအုံများကိုလည်း စေတနာအလျောက် ကူညီဆောက်လုပ်ပေးပြီးဖြစ်ပါတယ်။ AMIအဖွဲ့ဟာ ဒလမြို့နေ ပြည်သူတွေအတွက် ရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သလို ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများကိုလည်း အခါအားလျော်စွာ ပညာပေးဟောပြောလျက်ရှိနေပါတယ်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ ပါဝင်ပြီး ရန်ကုန်မြို့နှင့် အနီးဆုံး မြို့တစ်မြို့ဖြစ်တဲ့ ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ အဆင့်မြင့်မြို့တော်ဖြစ်လာစေရေးအတွက် ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ပေးထားတဲ့ လုပ်ငန်းတာဝန်ကြီးလေးရပ်နှင့်အညီ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြို့နေ ပြည်သူများနှင့် ပူးပေါင်းလက်တွဲပြီး ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါတယ်။

ကဲ-အခုလောက်ဆိုရင် RFAအသံလွှင့်ဌာနရဲ့ ပင်တိုင်ဆောင်းပါးရှင် အတွေးသမားကြီး ဦးထိန်လင်း တွေးထင်ထားသလို ဒလမြို့ဟာ ဖွံ့ဖြိုးတိုးတက်မှု မရှိဘူးဆိုတာ လုံးဝမဟုတ်ဘဲ ဒလမြို့ဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ မြို့တွေလိုပဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက် စည်ပင်နေတယ်ဆိုတာ အထင်အရှားဖြစ်လောက်ရောပေါ့နော်။ နောက်နောင် ကိုယ်မသိတဲ့အကြောင်းအရာတစ်ခုကို ဆရာကြီးလိုလို၊ သဘာကြီးလိုလို စတိုင်ဖမ်းပြီး ရမ်းတုတ်တာမျိုး မလုပ်မိစေဖို့ သတိပေးလိုက်ပါရစေ။ ရသမျှသတင်းတွေကို အမှားအမှန် စိစစ်လေ့လာခြင်းမပြုဘဲ စေတနာဆိုးနဲ့ ဒိုင်ခံထုတ်လွှင့်ပေးနေတဲ့ RFA အသံလွှင့်ဌာနကိုလည်း မြန်မာနိုင်ငံအစိုးရနဲ့ ပြည်သူတွေကို သိက္ခာကျ၊ အရှက်ရစေချင်တဲ့ စက်ဆုပ်ရွံရှာ ဖွယ်ကောင်းတဲ့ စိတ်ပုပ်၊ စိတ်ယုတ်တွေနဲ့ မဟုတ်မမှန် လုပ်ကြံသတင်းတွေ ထုတ်လွှင့်ခြင်းမပြုဖို့ မြန်မာပြည်သားတစ်ယောက်အနေနဲ့ သတိပေးလိုက်ပါရစေ။

ယနေ့ တပ်မတော်အစိုးရနဲ့ ပြည်သူတွေဟာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်စည်ပင် ခိုင်မာတောင့်တင်းလာစေရေး၊ နိုင်ငံသူ၊ နိုင်ငံသားတို့ရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် ပြည်ထောင်စုကြီး စုစည်းခိုင်မာစွာ တည်တံ့ခိုင်မြဲရေးတို့အတွက် အဖျက်ရန်မှန်သမျှတို့ကို တွန်းလှန်ဖြိုဖျက်ကျော်လွှားပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တက်တက်ကြွကြွ ဝီရိယအား အပြည့်အဝနှင့် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြမယ်ဆိုတာ ယုံမှားသံသယ မဖြစ်ကြပါနဲ့လို့ ရေးသားတင်ပြလိုက်ပါတယ်။ ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရွှေပြည်သာတံတားပေါ်မှ ရွှေပြည်သာစက်မှုဇုန်နှင့် လှိုင်သာယာစက်မှုမြို့၊ ရွှေလင်ပန်းစက်မှုမြို့တို့၏ စက်ရုံ၊ အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ရန် ဈေးရုံ၊ ကျောင်းသားထိုင်ခုံနှင့် စားပွဲခုံတန်းများ၊ ဆရာ၊ ဆရာမများ အတွက် စားပွဲထိုင်ခုံများ၊ ဘုရားခန်း၊ ဝန်ထမ်းအိမ်နှင့် ကျောင်းသားများ အတွက် ရေလောင်းအိမ်သာများကို လည်း ထည့်သွင်းတည်ဆောက်ပေး ထားကြောင်း၊ ထို့ပြင် လျှပ်စစ်မီး ရရှိရေးအတွက်လည်း ဆောင်ရွက်ပေး ထားပါကြောင်း။

ဆောက်လုပ်လှူဒါန်း

ယနေ့ဖွင့်လှစ်ပြီးရောက်ရှိနေသည့် အမှတ်(၁၀)၊ အခြေခံပညာမူလတန်း လွန်ကျောင်းသည် S.M.I Co., Ltd. က ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ခုနှစ် ဩဂုတ် ၁၀ရက်က လှိုင်သာယာစက်မှုဇုန်ရှိ S.M.I Co., Ltd. ၏ စက်ရုံ အဆောက်အအုံကို လာရောက်ကြည့်ရှုစစ်ဆေးစဉ် ကုမ္ပဏီဥက္ကဋ္ဌက လှိုင်သာယာ ပညာရေးရန်ပုံငွေအတွက် အသုံးပြုရန် ကျပ်သိန်း ၃၅၀ လှူဒါန်းခဲ့ပါကြောင်း၊ ယင်းလှူဒါန်းငွေဖြင့် ကျောင်းအဆောက်အအုံများ ဆောက်လုပ်ပေးရန် နိုင်ငံတော်ဝန်ကြီးချုပ်ထံ တင်ပြလမ်းညွှန်ချက်ခံယူပြီး ကျောင်းအဆောက်အအုံများ ဆောက်လုပ်ရေးကို စီမံဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါကြောင်း။

အလှူရှင်အနေနှင့်လည်း လှူရကျိုးမြောက်စေရန် ကျောင်းသားများပြားပြီး လမ်းပန်းဆက်သွယ်ရေးအရ အချက်အချာကျသည့် ယခု အမှတ်(၁၀) အခြေခံပညာ မူလတန်းလွန်ကျောင်းကို ရွေးချယ်တည်ဆောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အလှူရှင်အနေနှင့်လည်း မူလက လှူဒါန်းငွေကျပ်သိန်း ၃၅၀သာ ဖြစ်သော်လည်း ပိုမိုပြီး သဒ္ဓါတရားထက်သန်လာသော အလှူရှင်များက ယနေ့မြင်တွေ့ရသည့် အဆိုပါကျောင်းကို ကျပ် ၁၂၄၄သိန်း ခန့် အကုန်အကျခံ၍ အောင်မြင်စွာ တည်ဆောက် လှူဒါန်းခဲ့ပါကြောင်း၊ အဆိုပါကျောင်း၌ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်သည့် Steel Structureနှင့် အလူဇင့်အမိုးများကို ထည့်သွင်းအသုံးပြု တည်ဆောက်ထားပါကြောင်း၊ ထို့ပြင် ခြေကျော်တံခါးများကို ဖိုင်ဘာတံခါးများ၊ ပြတင်းပေါက်တံခါးများကို ဖိုင်ဘာ Sliding Door များကို အသုံးပြုပြီး အဆင့်မြင့်မြင့် တည်ဆောက်ပေးထားပါကြောင်း၊ အလှူရှင်များအနေနှင့် ဘုရားခန်းနှင့် ကျောင်းသူ၊ ကျောင်းသားတန်းရှည်ထိုင်ခုံများနှင့် မုန့်စားဆောင်ကိုလည်း ထည့်သွင်းဆောက်လုပ်ထားပါကြောင်း ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အောင်ဝင်းက တိုးချဲ့ကျောင်းဆောင်သစ်များ၏ မြေနေရာ၊ ကျောင်းအဆောက်အအုံများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူထံ လွှဲပြောင်းပေးအပ်သည်။ထို့နောက် လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း အတွက် ငွေပဒေသာပင် အလှူငွေများ အဖြစ် ဒေါ်နန်းအေးမြင့်က ငွေကျပ် ၁၀သိန်း၊ တိုကျိုပိုက်နှင့် ဘင်ဟာ ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ဂရိတ်ဝေါ ဆေးဝါးနှင့်ဆောက်လုပ်ရေး ကုမ္ပဏီ က ငွေကျပ်ငါးသိန်း၊ လှိုင်သာယာ စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီက ငွေကျပ်ငါးသိန်း၊ ဒေါ်အေးအေးသင်း (A.Y.N Co.,Ltd) က ငွေကျပ် သုံးသိန်းနှင့် ပါရမီဆောက်လုပ်ရေးက ငွေကျပ်နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်း ကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ လှိုင်သာယာမြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်း လွန်ကျောင်းအတွက် ငွေပဒေသာပင် အလှူငွေများအဖြစ် ကျော်သာကုမ္ပဏီ က ကျောင်းသုံးပရိဘောဂများ ဝယ်ယူ ရန် ငွေကျပ် ၉၁သိန်း၂သောင်း၊ ဦးသိန်းဟန်က လက်မ ၂၀ ရုပ်မြင် သံကြားစက် ဝယ်ယူရန် ငွေကျပ် ၂သိန်း ၁သောင်း၊ ဦးမောင်မောင်အေး က ငွေကျပ်ငါးသိန်း၊ ဦးအောင်မြတ် Mother Trading Co.,Ltd က ငွေကျပ်ငါးသိန်း၊ ဦးတင်ဦး OK Brother Co.,Ltd က ငွေကျပ် ငါးသိန်း၊ ဦးအုံးစိုင်း New Golden Gateက ငွေကျပ်ငါးသိန်း၊ ဦးကျော် အောင် Benhur Co.,Ltd က ငွေ ကျပ်ငါးသိန်း၊ဦးကျော်ကျော်စိုး SEC Co.,Ltd က ငွေကျပ်ငါးသိန်း၊ ဦးကိုကိုကြီး Diamond Star Co., Ltd က ငွေကျပ်ငါးသိန်းနှင့် ဦးအောင် သိန်း(အောင်သီဟကုမ္ပဏီ)က ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လက်ခံရရှိသော အလှူငွေများကို သက်ဆိုင်ရာ ကျောင်းအုပ် ဆရာကြီးများထံ လွှဲပြောင်းပေးအပ် သည်။

ထို့နောက် လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာအလယ် တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးတင်အေးက တိုးချဲ့ကျောင်းဆောင် သစ်များ ဆောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် တိုးချဲ့ကျောင်း ဆောင်သစ်နှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

လှိုင်သာယာမြို့နယ် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်မှာ အလျား ၂၆၄ပေ၊ အနံပေ ၃၀ရှိသံကူကွန်ကရစ် အမျိုးအစား သုံးထပ်ကျောင်းဆောင် ဖြစ်ပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ဆောက်လုပ်လှူဒါန်းခြင်း ဖြစ်သည်။ လှိုင်သာယာမြို့နယ် အမှတ် (၁၀) အခြေခံပညာ မူလတန်းလွန် ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်မှာ အလျား ၂၆၄ပေ၊ အနံပေ ၃၀ရှိ Composite Structure အမျိုးအစား နှစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး Southern Metal Industry Co., Ltd က ဆောက်လုပ် လှူဒါန်းခြင်းဖြစ် ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် ရွှေပြည်သာတံတားသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေပြည်သာတံတား

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်ကားလမ်းဘေး၌ အင်းစိန်မြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းနှင့် အလှူရှင် Southern Metal Industry Co., Ltd. ဥက္ကဋ္ဌ ဦးအောင်ကျော်တို့က လှိုင်သာယာမြို့နယ် (၂၀)ရပ်ကွက်ရှိ အမှတ်(၁၀) အခြေခံပညာ မူလတန်းလွန်ကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၀၅ ၇။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈:၁၅ ၈။ အရေးပြိုင်ပွဲ
- ၈:၂၀ ၉။ ကျောက်ကြီးပေါက်တံတား
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Let’s Go.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice In Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၅:၁၅ ၆။ အကပဒေသာ
- ၅:၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၅:၃၅ ၈။ ကံတင်ဘီးလင်းရေလှောင်တမံ
- ၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ ဖျော်ဖြေခန်း)
- ၆:၀၀ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အဆိုအကများ
- ၆:၀၅ ၁၁။ စက်မှုစွမ်းအားခေတ်ကျော်လွှား
- ၆:၁၅ ၁၂။ ကယားရိုးရာဝတ်စားဆင်ယင်မှု
- ၆:၂၀ ၁၃။ Discovery.
- ၆:၃၀ ၁၄။ ညနေခင်းသတင်း
- ၇:၀၀ ၁၅။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၆။ တေးဂီတအစီအစဉ်
- ၇:၁၅ ၁၇။ တောင်ဇလပ်ပန်း ပွင့်လန်းဝေဆာ သွေးချင်းတို့ ချင်းဌာနေမှာ
- ၇:၃၀ ၁၈။ ကျေးလက်ဒေသတစ်ခွင်အလှဆင်
- ၈:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **အချစ်ဆိုသည်မှာ (အပိုင်း-၄၄)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်အနီး ရွာမအနောက်ရပ်ကွက် နတ်စင်လမ်း ဂဝံလမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၉ မှ

ပေါ်မှ ရွှေပြည်သာ စက်မှုဇုန်(၁)၊ ရွှေပြည်သာ စက်မှုဇုန်(၂)၊ ရွှေပြည်သာစက်မှုဇုန်(၃)၊ ရွှေပြည်သာ စက်မှုဇုန်(၄)နှင့်လှိုင်သာယာစက်မှုမြို့၊ရွှေလင်ပန်း စက်မှုမြို့တို့၌ စက်ရုံ အလုပ်ရုံများ အကွက်ချတည်ဆောက် ထားရှိမှုနှင့် စက်မှုဇုန်များ တိုးတက်ပေါ်ထွန်းနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံ့ကျော်က ရှင်းလင်းပြသသည်။

လှိုင်သာယာမြို့နယ် လှိုင်မြစ်အနောက်ခြမ်းရှိ ရွှေလင်ပန်းစက်မှုမြို့၌ ပဲပိစပ်ဆီထုတ်စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ အီလက်ထရောနစ်ပစ္စည်းစက်ရုံ၊ စက်ကိရိယာအပိုပစ္စည်းစက်ရုံ၊လယ်ယာထွက်ကုန် ပစ္စည်းသန့်စင်စက်ရုံ၊ မွှေးမြူရေးငါးနှင့် ပုစွန်အစာစပ်စက်ရုံများ၊ အအေးခန်းစက်ရုံ၊ သစ်အခြေခံ အချောထည် စက်ရုံများကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် လှိုင်မြစ်အရှေ့ခြမ်း ရွှေပြည်သာ စက်မှုမြို့ ဇုန်(၁)၊ ဇုန်(၂)၊ ဇုန်(၃)နှင့် ဇုန်(၄)တို့၌ လူသုံးကုန်ပစ္စည်းစက်ရုံများ၊ မီးချောင်းစက်ရုံ၊ ဘီစကွတ်စက်ရုံ၊ မော်တော်ယာဉ်ထုတ်လုပ်ရေးစက်ရုံ၊ သိုးမွှေးနှင့် အထည်ချုပ်စက်ရုံအမျိုးမျိုး၊ ဆပ်ပြာစက်ရုံ၊ လျှပ်စစ်အပိုပစ္စည်းစက်ရုံ၊ သံမဏိပစ္စည်းစက်ရုံ၊ ရေပိုက်ပစ္စည်းစက်ရုံ၊ လယ်ယာထွက်ကုန်ပစ္စည်းသန့်စင်စက်ရုံ၊ စက်ကိရိယာအပိုပစ္စည်းစက်ရုံ၊ အသင့်ဖျော်ကွန်ကရစ်စက်ရုံ၊ ပလတ်စတစ် ပစ္စည်းစက်ရုံ၊ မြွေရေခွံအိတ်စက်ရုံနှင့် သစ်အချောထည်စက်ရုံတို့ကိုလည်းကောင်း တည်ဆောက်ပြီး သွင်းကုန်အစားထိုးကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

စက်မှုဇုန်များတိုးချဲ့

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် ရွှေပြည်သာစက်မှုဇုန်ကို ဖြတ်၍ ဖောက်လုပ်ထားသည့် ရွှေပြည်သာ–အင်းစိန် ကားလမ်းအရှေ့ဘက်ခြမ်း၌ စက်မှုဇုန်များ တိုးချဲ့တည်ဆောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဘုရင့်နောင်ကားလမ်းနံဘေး၌ Naing Group က တည်ဆောက်ပြီးစီးသွားသည့် အင်းစိန်မြို့နယ် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက်အနီး ရွာမအနောက်ရပ်ကွက် နတ်စင်လမ်းကို ဂဝံလမ်းခင်းနေမှုနှင့် ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ရေကြည်–အသုတ်–ပုသိမ်ရထားလမ်းပိုင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဇွန် ၄ရက် နံနက်ပိုင်းတွင် ပြည်မြို့ ပြည်ဘူတာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအားတွေ့ဆုံ၍ ရထားလုပ်ငန်းများ တိုးတက်အောင်မြင်ရေး ရထားဝန်ထမ်းများက အထူးကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဘူတာဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အထူးဂရုစိုက် လုပ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေကုန်ကျမှုသက်သာစေရန်အတွက် စက်ခေါင်းများ၊ တွဲများကို စနစ်တကျ ပြုပြင်သုံးစွဲရမည်ဖြစ်ကြောင်း မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် ကြံခင်းမြို့သို့ ရောက်ရှိပြီး ကြံခင်းဘူတာမှ MCA အထူးရထားငယ်ဖြင့် ထွက်ခွာလာရာ မြန်အောင်ဘူတာသို့ ရောက်ရှိပြီး မြန်အောင်ဘူတာ၌ တာဝန်ရှိသူများအားတွေ့ဆုံကာ ရထားအချိန်မှန်ပြေးဆွဲနိုင်ရေး၊ သံလမ်းအဟောင်းမှ အသစ်လဲလှယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြို့ကွင်းတံတားသို့ရောက်ရှိပြီး မြို့ကွင်းတံတား ကြံ့ခိုင်ရေး၊ ရေတိုက်စားမှုဘေးမှ ကာကွယ်ရေးကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ဟင်္သာတဘူတာမှ MCA အထူးရထားငယ်ဖြင့်ထွက်ခွာပြီး မိုင်တိုင် ၁၁၄တံတားအမှတ်(၃၂)၌ နတ်မော်တံတား၏ ကြံ့ခိုင်ရေးအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေကြည်ဘူတာသို့ ရောက်ရှိပြီး ရေကြည်ဘူတာ၌ ရေဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်အား တွေ့ဆုံ၍ ပုသိမ်–ဟင်္သာတ–ကြံခင်း ရထားလမ်းပိုင်း တိုးတက် ကောင်းမွန်ရေးအတွက် ဆောင်ရွက်မည့် အစီအမံများကို တင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ရေကြည်–အသုတ်–ပုသိမ်ရထားလမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း မြို့ကွင်းတံတား ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် “ရွှေရင်အေး”စပါးစိုက်ခင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သည် ဇွန် ၅ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် နမ့်လတ်စိုက်ပျိုးရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခြံတာဝန်ခံက လုပ်ငန်းအခြေအနေများ၊ သရက်နှင့်လိမ္မော်ပျိုးပင် ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေညောင်မြို့နယ် တာယောသုတေသနခြံ၌ မျိုးသန့် စိုက်ပျိုးထားသော “ရွှေရင်အေး”စပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ “ရွှေရင်အေး”စပါးသည် မျိုးသစ်တစ်မျိုးဖြစ်ပြီး ရှမ်းပြည်နယ် ရာသီဥတု၊ ရေ၊ မြေသဘာဝနှင့် ကိုက်ညီသဖြင့် အထွက်နှုန်း တင်း ၁၀၀အထက်ထွက်ရှိခြင်း၊ဆန်ရည်ဆန်သွေး ကြည်လင်ခြင်း၊ ဆန်လုံးရှည်ခြင်း၊ ဆန်အိုးတက်ခြင်း တို့ကြောင့် ဒေသခံတောင်သူများ အထူးနှစ်သက်ကြသဖြင့် ဒုတိယဝန်ကြီးက ယခုနှစ်မိုးရာသီမှ စတင်ပြီး ရှမ်းပြည်နယ်တောင်ပိုင်းတွင် မျိုးများဖြန့်ဖြူးသွားရေးကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

(သတင်းစဉ်)

မိုးရာသီ ယာဉ်မောင်းလျှင် အောက်ပါအချက်အလက်များသတိပြုပါ

၁။ လမ်းပေါ်တွင် စက်ဆီ၊ ချောဆီများ ဖိတ်စဉ်နေလျှင် လမ်းချော်နိုင်သည်။
၂။ မော်တော်ယာဉ်ဘီးများ ပန်းမရှိလျှင် လမ်းချော်နိုင်သည်။
၃။ မော်တော်ယာဉ်များ လေပေါင်ချိန်များလွန်းလျှင် လမ်းချော်နိုင်သည်။
၄။ လမ်းပေါ်တွင် ရွှံ့နွံများရှိလျှင် လမ်းချော်နိုင်သည်။
၅။ အရှိန်ပြင်းစွာ မမောင်းပါနှင့်။
၆။ ဘရိတ်ကို ရုတ်တရက် မနင်းပါနှင့်။
၇။ ကုန်တင်ယာဉ်များ ဟန်ချက်ညီမျှရန် ဂရုပြုပါ။
၈။ ရေသုတ်တံပါရှိရမည်။ ကောင်းမွန်ရမည်။
၉။ မိုးသည်းထန်စွာရွာသွန်း၍ မြင်ကွင်းမကောင်းလျှင် ရှေ့မီးကြီးကို ဖွင့်မောင်းပါ။
၁၀။ မြေသယ်ယာဉ်၊ အုတ်၊ သဲ၊ ကျောက်သယ်ယာဉ်များ ဖိတ်စဉ်မှုမရှိစေရန် လုံခြုံစွာတင်ဆောင်ပါ။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

တရုတ်အိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသောတရုတ်ပြည်သူ့ သမ္မတနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ Mr. Wang Baoliang ခေါင်းဆောင်သည့် တရုတ်အားကစား ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ပြန်လည် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါတရုတ်အားကစား ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် အိုလံပစ်ကော်မတီဝင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော်နှင့်လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဖူးမြော်ကြည်ညို

ရန်ကုန်　　ဇွန်　　၆

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံကျင်းပရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်နှင့် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်တို့အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှေးဦးစွာအမျိုးသားညီလာခံကိုယ်စားလှယ်များသည် နံနက် ၇နာရီတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ အနောက်ဘက်စောင်းတန်းမှ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဝင်းကြိုင်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်အနီးရှိ ရှေးဟောင်းရုပ်ပွားတော် တန်ဆောင်း၌ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးဝင်းကြိုင်က ရွှေတိဂုံစေတီတော် သမိုင်းအကျဉ်းနှင့် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်မှုလုပ်ငန်းများ၊ ရွှေထီးတော်တင်လှူပူဇော်ခဲ့မှု မှတ်တမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များကရွှေတိဂုံစေတီတော်အတွက် အလှူငွေ ၁၆၄၉၈၅ ကျပ်ကို ပေးအပ်လှူဒါန်းရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူးက လက်ခံယူသည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရွှေတိဂုံစေတီတော် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်နှင့် ရင်ပြင်တော်ပေါ်ရှိ သာသနိကအဆောက်အအုံများအား လှည့်လည်ကြည့်ရှု၍ ဖူးမြော်ကြည်ညိုကြပြီး အလယ်ပစ္စယံ ရာဟုထောင့်ရှိ ဗုဒ္ဓဝင်ပြခန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်ကြီးအာရုံခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးရှိန်အောင်ဗိုလ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရုပ်ပွားတော်ကြီးတည်ထားကိုးကွယ်မှု သမိုင်းအကျဉ်းနှင့် မင်းဓမ္မကုန်းတော်ပေါ်ရှိ သာသနိကအဆောက်အအုံများ အကြောင်းကိုလည်းကောင်း၊ ရုပ်ပွားတော်ကြီး ကျောက်သားနှင့် ကိုယ်တိုင်ထုဆစ်လှူဒါန်းသူ ကျောက်ဆစ်ပညာရှင် ဦးတော်တော်က ရုပ်ပွားတော်ကြီး ဖြစ်ပေါ်လာပုံနှင့် လှူဒါန်းရခြင်းအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အမျိုးသားညီလာခံကိုယ်စားလှယ်များက အလှူငွေ ၁၁၃၇၈၅ ကျပ်ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အမျိုးသားညီလာခံကိုယ်စားလှယ်များသည်လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်ကြီးအားဖူးမြော်ကြည်ညိုပြီး မင်းဓမ္မကုန်းတော်ပေါ်ရှိ မဟာအတုလပတ္တနီလာ သပိတ်တော်၊ ကျောက်ဆစ်ဗုဒ္ဓပါဒခြေတော်ရာနှစ်ဆူနှင့် သာသနိကအဆောက်အအုံများကို ဖူးမြော်ကြည်ညိုကြသည်။

ဆင်ဖြူတော်ဥယျာဉ်

ထိုမှတစ်ဆင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် မင်းဓမ္မလမ်းရှိ ရတနာဆင်ဖြူတော် ဥယျာဉ်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တာဝန်ခံ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး ရာဇဂဟသီရိပစ္စယဂဇရာဇာ ရတနာဆင်ဖြူတော်၊ သီဟဂိရိမာလာရတနာဆင်ဖြူတော်နှင့် ရတီမာလာရတနာဆင်ဖြူတော်တို့နှင့် စပ်လျဉ်းသည်များနှင့် ရတနာဆင်ဖြူတော်များ ထိန်းသိမ်းစောင့်ရှောက်နေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာကြပြီး နံနက် ၁၀နာရီ ၁၅မိနစ်တွင် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဇွန် ၅ ရက်က အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်အား လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဇွန် ၅ ရက်က ရန်ကုန်မြို့ရှိရွှေတိဂုံစေတီတော်အားလှည့်လည်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

☆ အမျိုးသားညီလာခံမှ

အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သော ကုန်ပစ္စည်းအမယ် ၃၀၀ကျော်ကို ဝင်းသူဇာအရောင်းဆိုင်က နေ့စဉ်ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

ထို့အတူ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း(ဂျီအီးစီ)အရောင်းဆိုင်ကလည်း စားကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အထည်အလိပ်ပစ္စည်းများ၊ စာရေးကိရိယာနှင့် စာနယ်ဇင်းများကို နေ့စဉ်ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

ထို့အပြင် ဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေး မျက်မှန်ကျွမ်းကျင် (အငြိမ်းစား) ဝန်ထမ်းများဦးစီးသော မြန်မာမျက်မှန်ဆိုင်က ခေတ်မီစက်ကိရိယာများဖြင့် အခမဲ့မျက်စိစမ်းသပ်ပေးခြင်း၊ ဝန်ဆောင်မှုလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခြင်း၊ ရောင်းဈေးပေါ်တွင် ၁၀ရာခိုင်နှုန်းလျှော့၍ မျက်မှန်များ ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

စာပေဗိမာန်စာအုပ်အငှားဆိုင်ကလည်း အမျိုးသားညီလာခံ ကိုယ်စားလှယ်များ လေ့လာဖတ်ရှုနိုင်ရန် ရည်ညွှန်းစာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ဝတ္ထုနှင့် သုတရသစာအုပ်များကို ငှားရမ်းပေးသည့်အပြင် စာပေဗိမာန်စာမူဆုရစာအုပ်များကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များအား သက်သာချောင်ချိရေးအတွက် အရောင်းဆိုင်များက နေ့စဉ်ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များ ဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးရိုက်လေ့ကျင့်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များ ကိုယ်ကာယလေ့ကျင့်ရေးစခန်း၌ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ ပြုလုပ်ကြစဉ်။ (သတင်းစဉ်)

အေအိုင်ဒီအက်စ်၊ ငှက်ဖျား၊ တီဘီစသည့် ရောဂါဆိုးကြီးများ အမြစ်ဖြတ်နိုင်ရေးအတွက် ဆောင်ရွက်ဆဲအစီအမံများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

✧ **မြို့ကြီးပြကြီးများမှ**

အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးများတွင် နိုင်ငံတော်အတွင်း မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးနိုင်ရေး အစီအမံများကို ဆွေးနွေးသုံးသပ်ဆုံးဖြတ်ချမှတ်ခဲ့ကြကြောင်း။

ဆွေးနွေးဆုံးဖြတ်

ယခု အကြိမ်(၄၀)မြောက် အစည်းအဝေးတွင်လည်း ယခင် အစည်းအဝေးများက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများကိုသုံးသပ်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ဖွယ်များကို ဆွေးနွေးဆုံးဖြတ်ချမှတ်သွားကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတော်တွင် လူဦးရေ ၅၂သန်းကျော်ရှိသည့်အတွက် အရှေ့တောင်အာရှနိုင်ငံများအကြားတွင် လူဦးရေအချိုးအစား အသင့်အတင့်များပြားသည့် နိုင်ငံတစ်နိုင်ငံဟု ဆိုနိုင်ကြောင်း။

ရေမြေသဘာဝ

ထို့အပြင် မြန်မာနိုင်ငံ၏ ရေ၊ မြေသဘာဝပတ်ဝန်းကျင်ကို ကြည့်မည်ဆိုလျှင်လည်း နိုင်ငံ၏မြောက်ဘက်ပိုင်း၊အရှေ့မြောက်ဘက်ပိုင်းတို့တွင် တောတောင်ထူထပ်ပြီး ပင်လယ်ပြင်အမြင့်မှ ပေ ခြောက်သောင်းကျော်၊ ခုနစ်သောင်းကျော်ရှိသည့် ကုန်းမြင့်ပိုင်းဒေသများရှိသကဲ့သို့ နိုင်ငံ၏အလယ်ပိုင်းတွင် ပူပြင်းခြောက်သွေ့သည့် ဒေသများဖြစ်နေကြောင်း။

ထို့အတူပင် နိုင်ငံတော်၏ တောင်ဘက်ခြမ်းဒေသများမှာ မိုးရွာသွန်းမှုများပြာပြီး စိုစွတ်သည့်ဒေသများ ဖြစ်သည်ကိုတွေ့နိုင်ကြောင်း။

ရာသီဥတုအနေဖြင့်ကြည့်လျှင်လည်း မြန်မာနိုင်ငံတွင် နွေ၊ မိုး၊ ဆောင်း ဥတုသုံးမျိုးရှိသည့်အတွက် ရာသီဥတုပြောင်းလဲမှုအရ ရေ၊ မြေသဘာဝ ပြောင်းလဲမှုများ ရာသီအလိုက်ဖြစ်ပေါ်နေသည်ကို တွေ့နိုင်ကြောင်း။

အထူးပြုဆောင်ရွက်ရန်လို

သို့ဖြစ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝလွှမ်းခြုံပေးနိုင်ရေးတွင် နိုင်ငံတော်၏လူဦးရေ ပျံ့နှံ့နေထိုင်မှု၊ ပူပြင်းခြောက်သွေ့သောဒေသ၊ အအေးလွန်ကဲသောဒေသ၊ မိုးများသောဒေသစသည်ဖြင့် နေရာဒေသ သဘာဝပတ်ဝန်းကျင် မတူညီကွဲပြားမှု၊ ရာသီဥတုပြောင်းလဲမှုတို့နှင့် လိုက်လျောညီထွေစွာ ကျန်းမာရေးစောင့်ရှောက်မှုအမျိုးမျိုးကို လိုအပ်ချက်များနှင့် အညီ အထူးပြုဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း။

သို့ဖြစ်၍ တစ်နိုင်ငံလုံးလွှမ်းခြုံလျက် ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ပေးနိုင်ရေးနှင့် လိုအပ်ချက်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးတိုးမြှင့်ပေးနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည့် လုပ်ငန်းပမာဏမှာ များစွာကြီးမားကျယ်ပြန့်သည့်အပြင် လွန်စွာနက်နဲသိမ်မွေ့သည်ကို တွေ့နိုင်ကြောင်း။

နယ်စပ်ဒေသများ

ထို့အပြင် ယခင်ခေတ်ကာလများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု မရှိသဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တကျမပေးနိုင်ခဲ့သည့် နယ်စပ်အစွန်အဖျားဒေသများမှာ ယခုအခါတွင် ငြိမ်းချမ်းသာယာနေပြီဖြစ်သဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝ လွှမ်းခြုံပေးနိုင်စေရန် စီမံဆောင်ရွက်နေရသည်လည်းရှိနေကြောင်း။

ထို့မျှမက ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)အပြင် အာဆီယံမိသားစုဝင် နိုင်ငံများအချင်းချင်း ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ အခြားသော မိတ်ဆွေနိုင်ငံများနှင့် နှစ်နိုင်ငံချင်း ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက်လည်းရှိကြောင်း။

ကြီးမားကျယ်ပြန့်

ယင်းသို့သော အခြေအနေအချိန်အခါတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများမှာ တဖြည်းဖြည်း ပိုမိုပြီးကြီးမားကျယ်ပြန့် သိမ်မွေ့နက်ရှိုင်းလာနေသည်ကို ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများအားလုံးက နားလည်သဘောပေါက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုစနစ်ကျနစေရအောင် စနစ်တကျ စီမံဆောင်ရွက်ကြရန်၊ ပိုမိုပြီး ဝီရိယစိုက် အားထုတ်ဆောင်ရွက်ကြရန်၊ ပိုမိုပြီးစေတနာထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်လွှမ်းခြုံပေးနိုင်မှု အထိုက်အလျောက် ဖြစ်ထွန်းနေပြီ ဖြစ်သည့်အတွက် အချို့သောကဏ္ဍများတွင် အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများကို တွေ့မြင်နေရပြီလည်း ဖြစ်ကြောင်း။

သို့ရာတွင် တစ်နိုင်ငံလုံး ဖြန့်ကြက်၍ ကျန်းမာရေးစောင့်ရှောက်မှု ပြည့်ပြည့်ဝဝ မြင့်မြင့်မားမား တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးအတွက် ဆောင်ရွက်ဖွယ်လုပ်ငန်းများ များစွာ ရှိနိုင်သေးကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ မျှမျှတတ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် စီမံကိန်းကြီးသုံးခုလုံး၌ ကျန်းမာရေးကဏ္ဍကို အဓိကကျသည့်အပိုင်းကဏ္ဍ တစ်ရပ်အဖြစ် ထည့်သွင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးသုံးရပ်စနစ်တကျအောင်မြင်ဖြစ်ထွန်းလာရအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေးလွှမ်းခြုံမှု ပြည့်ပြည့်ဝဝဖြစ်ထွန်းလာမှာဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများတစ်ရာကျော် မှီတင်းနေထိုင်သည့် ပြည်နယ်နှင့် တိုင်းများဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီးဖြစ်ရာ တောင်ပေါ်မြေပြန့် နယ်စပ်အစွန်အဖျားနှင့်အတွင်းပိုင်းဒေသများအားလုံး ဖြန့်ကြက်ကာ ကျန်းမာရေးစောင့်ရှောက်မှု မျှတစွာလွှမ်းခြုံပေးနိုင်သည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ဖြစ်ထွန်းကာ ပြည်ထောင်စုကြီးလည်း အစွန့်ရှည်ခိုင်မြဲမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်နယ်နှင့်တိုင်းအလိုက် ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ကျေးလက်ကျန်းမာရေးဌာနများ တိုးမြှင့်ဖွင့်လှစ်ပေးနေသကဲ့သို့ ဆေးရုံကြီးများကိုလည်း တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်းတို့ကို ဒေသလိုအပ်ချက်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အဆင့်တိုးမြှင့်

ယခုအခါတွင် မြို့နယ်များအများစုမှာ ၁၆ခုတင်ဆံ့ဆေးရုံအဖြစ်မှ ၂၅ခုတင်ဆံ့ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးပြီးဖြစ်သလို ပြည်နယ်နှင့်တိုင်း ဆေးရုံကြီးများ၊ ဖွံ့ဖြိုးရေးအထူးဒေသများရှိ ဆေးရုံကြီးများအားလုံးမှာ အနည်းဆုံး ခုတင်၂၀၀ဆံ့ဆေးရုံအဆင့် ဖြစ်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့ မြို့ကြီးပြကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ပေးနိုင်မှုနှင့်တစ်ပြေးညီ ဆက်လက်ပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသများအထိဖြန့်ကြက်၍ ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ (Public Health and Commnity Health) ကို တိုးချဲ့ဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

စွမ်းအားရယူ

ယင်းသို့ရပ်ရွာအခြေပြု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက ဆက်နွယ်သော ဝန်ကြီးဌာနများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုစွမ်းအားကို ရယူဆောင်ရွက်ကြရန်လိုကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ဆက်စပ်လျက် ကျန်းမာရေးကဏ္ဍအနေဖြင့် ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာများ အသုံးပြုရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မွေးကင်းစကလေး သေနှုန်းနှင့် ငါးနှစ်အောက်ကလေး သေနှုန်းများ ထပ်မံလျှော့ချရေး၊ ဒေသထွက် အစားအစာများဖြင့်ပင် အာဟာရပြည့်ဝစေရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျန်းမာရေးဝန်ထမ်းများပြည့်စုံရေး စသည့် အစီအမံများကို စနစ်တကျ စီမံချမှတ်ဆောင်ရွက်ကြရန်လိုကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လည်း ဆရာဝန်များ၊ သူနာပြုများ၊ သားဖွားများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများ အရည်အသွေးပြည့်ဝ မြင့်မားစွာဖြင့် အလုံအလောက် မွေးထုတ်နိုင်စေရန် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

HIV-AIDSရောဂါ၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါစသည့် ရောဂါဆိုးကြီးများ အမြစ်ဖြတ်နိုင်ရေး၊ တိုးပွားမလာစေရေးတို့အတွက် ဆောင်ရွက်ဆဲအစီအမံများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

တိုးမြှင့်လွှမ်းခြုံ

ထို့အပြင် ကျောင်းကျန်းမာရေး စောင့်ရှောက်မှု ပြည့်ပြည့်ဝဝပေးနိုင်ရေး၊ အထူးသဖြင့် နယ်စပ်အစွန်အဖျားဒေသများ၊ ကျေးလက်ဒေသများနှင့် နွမ်းပါးချို့တဲ့သော ဆင်ခြေဖုံးဒေသများရှိ အခြေခံပညာမူလတန်းကျောင်းများတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်လွှမ်းခြုံပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဆေးလိပ်သောက်သုံးမှုလျှော့ချရေးလုပ်ငန်းအစီအမံများ အောင်မြင်ဖြစ်ထွန်းနေသည့်အချိန်အခါတွင် အရက်အလွန်အကျွံသောက်သုံးမှု လျှော့ချရေးအတွက်လည်း ဆက်လက်စီမံဆောင်ရွက်ကြရန်လိုကြောင်း။

အချို့သောရောဂါများနှင့် ပတ်သက်ပြီး ပြည်ပသို့သွားရောက်ဆေးကုသမှု အလေ့အထများ တဖြည်းဖြည်းချင်းပပျောက်သွားစေရေးအတွက် ရောဂါတိုင်းရောဂါတိုင်းကို မိမိပြည်တွင်းမှာပင် အရည်အသွေးမြင့်မြင့်မားမားဖြင့် ခေတ်မီစက်ကိရိယာများ၊ ကုသနည်းစနစ်များအသုံးပြုကုသနိုင်စေရအောင်နှင့် ပြည်သူများကိုယ်တိုင်က မိမိတို့၏ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ယုံကြည်ကိုးစားလာစေရအောင် ကျန်းမာရေးဝန်ကြီးဌာနအပြင် ပုဂ္ဂလိကကဏ္ဍကပါ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

အားပေးထောက်ကူ

မိမိတို့တွင် အရည်အသွေးပြည့်ဝသည့် ပညာရှင်များရှိထားပြီးဖြစ်ရာ လိုအပ်သည့် ခေတ်မီ ပစ္စည်းကိရိယာများ၊ နည်းစနစ်များကို ဖြည့်ဆည်းမြှင့်တင်ပေးနိုင်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍကိုပါ အားပေးထောက်ကူပေးကြရမှာဖြစ်ကြောင်း။

မိဘဘိုးဘွား အစဉ်အဆက် ကျင့်သုံးလာခဲ့ကြသည့် တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများကိုလည်း ပိုမိုပြီးစနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရအောင် စံချိန်စံညွှန်း မှန်ကန်တိကျစေရအောင်၊ ခေတ်မီစက်ကိရိယာများ၊ ထုတ်လုပ်မှုနည်းစနစ်များ အသုံးပြု ထုတ်လုပ်နိုင်စေရအောင် နိုင်ငံတော်အစိုးရက အားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက် ကျန်းမာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့် တိုင်းရင်းဆေးပညာရှင်ကြီးများ၊ တိုင်းရင်းဆေး လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း။

ကြိုတင်ပြင်ဆင်

သဘာဝဘေးဒဏ်ကြုံတွေ့ရသည့်ဒေသများတွင် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးနှင့် ကူးစက်ရောဂါများ ဖြစ်ပွားမလာစေရေးတို့အတွက် ကျန်းမာရေးကဏ္ဍမှ ထိရောက်တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ သို့ရာတွင် ကြိုတင်ပြင်ဆင်မှု အစီအမံများကို လျော့ကျမသွားစေဘဲ အမြဲမပြတ် အသင့်ပြင်ဆင်ထားနိုင်စေရန် စီမံဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း။

ရာသီအလိုက် ဆောင်ရွက်မြဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း ရာသီ အကူးအပြောင်းကာလများနှင့်အညီ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာကြည်စိုးက အမျိုးသားကျန်းမာရေးကော်မတီ (၃၉)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးကိစ္စနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်နှင့် သင်တန်းကျောင်းများ၌ ပို့ချသောဘွဲ့၊ သင်တန်းများအတွက် ချုပ်ဆိုရသည့် ကတိခံဝန်ချုပ်နှင့် ငြိစွန်းသူများအား လျော်ကြေးငွေများ ပြင်ဆင်သတ်မှတ်ရန်ကိစ္စတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေး ဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိသူနာပြု၊ သားဖွားသင်တန်းကျောင်းများသို့ သူနာပြုဒီပလိုမာသုံးနှစ် သင်တန်း၊ သားဖွား ၁၈လ သင်တန်းနှင့် အရန်သူနာပြု တစ်နှစ်သင်တန်းများသို့ သင်တန်းဝင်ခွင့်ရွေးချယ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွှန့်တင်က ဓာတု၊ ဇီဝနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာပစ္စည်း(Chemical, Biological and Radiological Material) များနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပညာရှင်များနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၏ လေ့လာတွေ့ရှိချက်၊ အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာပိုင်စိုးက ဓာတု၊ ဇီဝနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာပစ္စည်း (Chemical, Biological and Radiological Material) များနှင့် စပ်လျဉ်း၍ သုတေသနဆိုင်ရာ လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်တို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေး တင်ပြကြသည်။

အတည်ပြုချက်ရယူ

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာကြည်စိုးက အမျိုးသားကျန်းမာရေးကော်မတီအကြိမ်(၄၀)မြောက် အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို တင်ပြအတည်ပြုချက်ရယူသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈း၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄း၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄း၂၀** ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄း၃၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄း၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄း၅၀** ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅း၀၀** ၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** Second Year Notes (အင်္ဂလိပ်စာအထူးပြု-ဒုတိယနှစ်)
- **၅း၃၀** ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- **၅း၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆း၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၄။ မိုးလေဝသသတင်း
- **၆း၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆း၃၅** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆း၄၅** ၁၇။ မေးမြန်းစူးစမ်း
- **၇း၀၀** ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ (အပိုင်း-၉)**
- **၈း၀၀** ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အမှန်တရားဘက်ကလူပ်ရှားဓားသမား (အပိုင်း-၈)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ရှေ့ဖုံးမှ

မြိတ်–ကျွဲကူး–ကျောက်ဖျာ–သပွတ်–ပင်းအို–ဒေါ–ပပြင်–ဘုတ်ခြံ လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ပုလော–မဇော်ပြင်ကြီး–သမုတ်လမ်းဆုံသို့ နံနက် ၁၁နာရီခွဲတွင် ရောက်ရှိကြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘိုအား ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း အင်ဂျင်နီယာချုပ်(လမ်း) ဦးကျော်တင့်၊ တနင်္သာရီတိုင်း အင်ဂျင်နီယာမှူးကြီး ဦးဘဝမ်းနှင့် မြိတ်မြို့ ရှောင်ကွင်းလမ်း ဖောက်လုပ်ရေးတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်တို့က မြိတ်မြို့ရှောင်ကွင်းလမ်း ဖောက်လုပ် ပြီးစီးမှုအခြေအနေနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက မြိတ်မြို့ရှောင်ကွင်းလမ်းကို ပေ ၃၀အကျယ် မြေသားလမ်းနှင့် ယင်းလမ်းပေါ်၌ ၁၄ပေအကျယ် ကျောက်ချောလမ်းအချိန်မီပြီးစီးရေး မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မြိတ်မြို့ရှောင်ကွင်းလမ်းအတိုင်း မြိတ်မြို့သို့ ပြန်လည်ထွက်ခွာလာရာ မိုင်တိုင်အမှတ် ၀/၇၌ မြေသာလမ်းတွင် ကျောက်ခင်းရန်အတွက် ယန္တရားဖြင့် ဆောင်ရွက်နေမှုကို လည်းကောင်း၊ ပပြင်တံတား တည်ဆောက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၆/၄)နှင့် (၆/၃) အကြားတွင် လမ်းအကွေ့၌ လမ်းသားတိုးချဲ့ ဖောက်လုပ်ရေးအတွက် စက်ယန္တရားဖြင့် တောင်ကမ်းပါးယံ တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်က လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အချိန်မီပြီးစီးရေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ကျောက်ချောလမ်း ဖောက်လုပ်ရေးနှင့် လမ်းဘေးရေမြောင်းများ တူးဖော်ရေးတို့ကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် မိုင်တိုင်အမှတ် ၁၁/၀ နှင့် ၁၁/၁ အကြားရှိ အလယ်ချောင်းတံတား ပြောင်းရွှေ့တည်ဆောက်ရေး အတွက် တံတားတိုင်များ ပိုင်တိုင်ရိုက်သွင်းနေမှုကိုကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြိတ်မြို့ ရှောင်ကွင်းလမ်းဖောက်လုပ်ရေး စီမံကိန်းရုံးသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ကျော်က မြိတ်မြို့ ရှောင်ကွင်းလမ်း ဖောက်လုပ်ပြီးစီးမှု၊ လမ်းခင်းရန် ကျောက်များလိုအပ်မှုနှင့် ကျောက်တူးဖော်ရရှိနိုင်သည့် အခြေအနေ၊ ရေပြွန်နှင့် တံတားများပြုပြင်ပြီးစီးမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အင်ဂျင်နီယာချုပ်(လမ်း) ဦးကျော်တင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် မြင့်သိန်းက မြိတ်မြို့ရှောင်ကွင်းလမ်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအတွက် စက်ယန္တရားနှင့်စက်သုံးဆီများဖြည့်တင်းပေးမည့် အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အနီးကပ်ကြီးကြပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မြိတ်မြို့ရှောင်ကွင်းလမ်းနှင့် တနင်္သာရီ–ဘုတ်ပြင်း လမ်းတို့ကို ယခုနှစ် ဒီဇင်ဘာလ တတိယပတ်တွင် ကျောက်ချောလမ်းအဖြစ် ပြီးစီးရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်၊ မြိတ်မြို့ရှောင်ကွင်းလမ်း၌ ယခုလကုန်မှစ၍ မော်တော်ယာဉ်များ ပြေးဆွဲရေးအတွက် ဆောင်ရွက်ရန်၊ မြိတ်မြို့ ရှောင်ကွင်းလမ်းသည် ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သဖြင့် သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီ ပြီးစီးရေးဆောင်ရွက်ရန်၊ လမ်းပြီးစီးမှုကို သတ်မှတ်ပေးထားသည့် ကာလအလိုက် အစီရင်ခံတင်ပြရန်နှင့် တာဝန်ရှိသူများကလည်း စဉ်ဆက်မပြတ် အနီးကပ်ကြီးကြပ်စစ်ဆေးရန် မှာကြားသည်။

မြိတ်မြို့ ရှောင်ကွင်းလမ်းစီမံကိန်းတွင် ဘုတ်–ပပြင်–ဒေါလမ်းအပိုင်း ၁၃ မိုင်လေးဖာလုံနှင့် ဒေါ– မင်းအို–ကဘင်းလမ်းအပိုင်း ၁၁ မိုင် လေးဖာလုံကို ပေ ၃၀ အကျယ်မြေသားလမ်း ချဲ့ခြင်းလုပ်ငန်းမှာ လုံးဝပြီးစီးလျက်ရှိပြီး ဒေါ–မဇော်ပြင်ကြီးလမ်း အပိုင်း ၂၅ မိုင်လေးဖာလုံ၌ ပေ ၃၀ အကျယ်မြေသားလမ်းချဲ့ခြင်းမှာ ရှစ်မိုင်တစ်ဖာလုံ ပြီးစီးနေပြီဖြစ်သည်။

ဘုတ်–ပပြင်–ဒေါ လမ်းအပိုင်း ၁၃ မိုင်လေးဖာလုံ၌ ချောင်းကျောက်စရစ်ခင်းခြင်း ၁၀မိုင်ခြောက်ဖာလုံနှင့် ၂လက်မ x ၄လက်မ ကျောက်ခင်းခြင်း၊ နှစ်မိုင်ခြောက်ဖာလုံ ပြီးစီးနေပြီဖြစ်သည်။ ဒေါ–ပင်းအို–ကဘင်း လမ်းအပိုင်း ၁၁ မိုင်လေးဖာလုံ၌ ချောင်းကျောက်စရစ်ခင်းခြင်း နှစ်မိုင်ခြောက်ဖာလုံနှင့် ၂လက်မ x ၄လက်မ ကျောက်ခင်းခြင်း၊ ရှစ်မိုင်ခြောက်ဖာလုံ ပြီးစီးနေပြီဖြစ်သည်၊ ဒေါ–မဇော်ပြင်ကြီးလမ်း အပိုင်း ၂၅ မိုင်လေးဖာလုံ၌ ချောင်းကျောက်စရစ်ခင်းခြင်း တစ်မိုင်လေးဖာလုံ ပြီးစီးနေပြီဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို မြိတ်မြို့ ရှောင်ကွင်းလမ်း ဖောက်လုပ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘိန်းအစားထိုးသီးနှံ မျိုးစေ့နှင့်ပျိုးပင်များ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဘိန်းအစားထိုးသီးနှံမျိုးစေ့ပေးအပ်ပွဲနှင့် တောင်သူများအား တွေ့ဆုံပွဲ အခမ်းအနားကို ဇွန် ၄ ရက် နံနက် ၈ နာရီက ပင်လုံမြို့နယ် ပန်မုန့်ကျေးရွာ အုပ်စု ရတနာရန်အောင် ဘုန်းတော်ကြီးကျောင်းဝင်း၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်(တောင်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးသန်းကျော်ထူး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယရဲမှူးကြီး လှမျိုးရှိန်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှမ်းပြည်နယ်(တောင်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က ဘိန်းအစားထိုးသီးနှံမျိုးစေ့များ ပေးအပ်ရခြင်းနှင့် သီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ပန်းတိုင်သစ်စီမံကိန်းအရ ဘိန်းအစားထိုး သီးနှံမျိုးစေ့များ ဖြန့်ဝေပေးမှုအခြေအနေများကိုလည်းကောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဌာနအလိုက် ပံ့ပိုးဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်က စနဲဆန်ကောင်းကျေးရွာနှင့် ဟိုင်းနဲကျေးရွာတို့အတွက် ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးရေးအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း၊ ဘိန်းအစားထိုး သီးနှံများဖြစ်သော ရွှေရင်အေးမျိုးစပါး၊ စပ်မျိုး(၃)ပြောင်းမျိုးစေ့၊ ပန်းနှမ်းမျိုးစေ့များအား ပန်မုန့်နှင့်ဆန်ကောင်းကျေးရွာများသို့လည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်က ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ သရက်၊ ကော်ဖီနှင့် လက်ဖက်ပျိုးပင်များကိုလည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်က စပ်မျိုး(၃)ပြောင်းမျိုးစေ့များကိုလည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသူရတင်လှက ဆန်အိတ် ၂၀၀ ကိုလည်းကောင်း၊ ဒေသခံတောင်သူများသို့ ထောက်ပံ့ပေးအပ်ပြီး ဒေသခံ တောင်သူများကိုယ်စား တောင်သူ ဦးခွန်တုံးဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် တိုင်းမှူးက ပင်လုံမြို့နယ် ပန်မုန့်ကျေးရွာ အုပ်စု ရတနာရန်အောင် ဘုန်းတော်ကြီးကျောင်း ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပင်လုံတက္ကသိုလ်ကြည့်ရှု

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပင်လုံတက္ကသိုလ်၊ ပင်လုံကွန်ပျူတာကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်(ပင်လုံ) တို့သို့သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရန် ဘော်ဒါဆောင် ဆောက်လုပ်မည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးရွေးချယ်ပေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်တိုင်းမှူးသည် နမ့်စန်မြို့နယ် ဝမ်ပုံကျေးရွာ ဝမ်ပုံရေလှောင်တမံတည်ဆောက်မည့် မြေနေရာသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ပြည်နယ် ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝေဖြိုးက တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် လွိုင်လင်တပ်နယ် စိုက်ခင်း၌ မက္ကဒေးမီးယားပင် ဧက၂၀ စိုက်ပျိုးမည့်နေရာကိုလည်းကောင်း၊ ပင်လုံနည်းပညာကောလိပ် ရှောင်ကွင်းလမ်း ဖောက်လုပ်မည့် မြေနေရာကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအားလိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ **မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။**

(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ။

(ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ။

(ဂ) တုပ်ကွေး၊နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ **ဖြစ်ပွားရသည့်အကြောင်းရင်းမှာ–**

(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ပိန္နဲသီး၊ဖရဲသီး၊ကြက်မောက်သီး၊ မင်းကွတ်သီး စသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း။

(ခ) ရာသီစာ အမှည့်လွန်အသီးများကို စားသုံးခြင်း။

(ဂ) မိုးရွာပြီးရေတင်၊ရေဝပ်သဖြင့် ရေအိုင်၊ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့်ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ဖွားခြင်း။

(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရုပ်ခြင်း၊ အအေးပတ်ခြင်း။

(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း။

(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့်အားနည်းခြင်း။

၃။ **အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါ များ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှရှောင်ကြဉ်ပါ။

(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှရှောင်ကြဉ်ပါ။

(ဂ) စာကြွင်းစားကျန်၊ အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) မိမိတို့မိသားစုအတွင်း ကျန်းမာရေးအသိပညာ ဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ။

(င) တစ်ကိုယ်ရည်သန့်ရှင်းရေးကို ဂရုပြုလိုက်နာ ဆောင်ရွက်ပါ။

(စ) ရေကိုကျိုချက်၍သောက်ပါ။

(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ။

(ဇ) ရာသီဥတု၊အပူအအေး အပြောင်းအလဲကို သတိရှိပါ။

(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ယင် နှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ပါ။

(ည) ရောဂါတစ်မျိုးမျိုးဖြစ်ပွား ပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ။

(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ဆေးရုံများသို့ အချိန်မီ သွားရောက်ပြသ စစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အမှတ်-၆၁၅ (ဂျေ)နေ
ဦးသန်းအောင် (တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)-ဒေါ်မြင့်မြင့်ကြည်တို့၏ သားငယ်

မောင်သူရအောင် B.Sc(Physics)
T.A.S Co., Ltd., Director
e Trade Myanmar, CEO

နှင့်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရွှေကိန္နရီအိမ်ရာ၊ တိုက်-၄၊ အခန်း(၂၀၃/၂၀၄)နေ
ဗိုလ်မှူးကျော်မြင့်သိန်း(ငြိမ်း)-ဒေါ်ကေသီကျော်ဆန်းတို့၏ သမီးကြီး

မသီတာကျော်မြင့်သိန်း B.Sc (Physics)
2nd Year (Diploma in Chinese) Y.U.F.L

တို့ကို ရန်ကုန်မြို့ တရားရုံးချုပ်၌ ၁-၆-၂၀၀၄ရက်တွင် လက်ထပ်မော်ကွန်းတင်ပေးသူ တရားသူကြီး ဦးချစ်လွင်၊ Traders Hotel ၌ ၆-၆-၂၀၀၄ရက်တွင် မင်္ဂလာလက်ဆောင်မွန်ဖြင့် ပေးပို့၍ ချီးမြှင့်ပေးသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့၊ အောင်စံပယ်ပန်းကုံးတို့ဖြင့် ချီးမြှင့်မင်္ဂလာပြုပေးသူ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် တပ်ထိန်းချုပ်ဗိုလ်ချုပ်စောလှနှင့် ဇနီး ဒေါ်ချိုချိုမော်၊ ရတနာလက်စွပ်တို့ဖြင့် ချီးမြှင့်ဆင်မြန်း မင်္ဂလာပြုပေးသူ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ၊ မင်္ဂလာပန်းကြဲပေးသူ မထင်လပြည့်ဝန်း၊ မင်္ဂလာစံပယ်ပန်းကုံးဗန်းကိုင်ဆောင်ပေးသူ မစံပယ်ကျော်မြင့်သိန်း၊ မင်္ဂလာရတနာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသူ မမြပြည့်စုံ၊ သတို့သားအရံများအဖြစ် မောင်စိုးမင်းလတ်နှင့် မောင်ထင်မင်းအောင်၊ သတို့သမီးအရံများအဖြစ် မနှောင်းဒါလီဦးနှင့် မဇာခြည်ဝင့်၊ မင်္ဂလာအခါတော်ပေး သီဆိုသူ ဟေမာနေဝင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ တေးဂီတအဖွဲ့ နိုက်တင်ဂေး၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်း၊ ဗီဒီယို ဓာတ်ပုံမှတ်တမ်းတင်ပေးသူ ဖြိုးမိုးသခ်၊ အဝေးမှဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ ချီးမြှင့်ကြသော စစ်ဘက်၊ နယ်ဘက် ပုဂ္ဂိုလ်များအားလုံး၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
သူရအောင်-သီတာကျော်မြင့်သိန်း။



နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၅၃)ဖြန့်ချိ

ရန်ကုန် ဇွန် ၆

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၅၃)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

(အောက်ပုံ)

